
# တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ

## နတ်နွယ်



mgyoe.com

mgyoe.com



# တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ

**နတ်နွယ်**

NN0016

3,500.00 KS

mgyoe.com

mgyoe.com

တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ၊ နတ်နွယ်
မျက်နှာဖုံးပန်းချီ - ဇော်ဟောင်၊
စာမျက်နှာ ၂၄၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၇ မြန်မာ့ပဒေသာစာပေတိုက်၏ဒုတိယအကြိမ်မှု၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ

နတ်နွယ်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| (၁) | မှောင်မည်းသော လှေကားကျဉ်းကလေး | ၁ |
| (၂) | ကြောက်မက်ဖွယ်သော ငိုသံများ | ၁၁ |
| (၃) | ရာဇဝင်ခင်းသော စာတစ်စောင် | ၁၉ |
| (၄) | တစ်ယောက်တည်း စကားပြောသူ | ၂၈ |
| (၅) | ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုများ | ၃၄ |
| (၆) | ရဲတင်းတစ်လက် ခိုးယူခြင်း | ၃၇ |
| (၇) | ကာယကံမြောက် ကျူးလွန်ခြင်း | ၄၅ |
| (၈) | ရဲဌာနမှ ဆင့်ခေါ်ခြင်း | ၅၈ |
| (၉) | ကျောက်တုံးအောက်တွင် သိုဝှက်ခြင်း | ၆၇ |
| (၁၀) | စိတ်၏ ချောက်ချားခြင်း | ၇၄ |
| (၁၁) | ဆရာဝန်၏ ကောက်ချက်များ | ၈၁ |
| (၁၂) | ကွန်မြူနစ်ဟု စွပ်စွဲခြင်း | ၉၀ |
| (၁၃) | အမြီးအမောက် မတည့်သော စကားများ | ၉၆ |
| (၁၄) | အကွေ့အကောက်မရှိသော ညီမ | ၁၀၃ |
| (၁၅) | သိပ်သည်းကျစ်လျစ်သော ရင်သားအလှ | ၁၁၃ |
| (၁၆) | ရင်သား၏ လှိုင်းဂယက်များ | ၁၁၈ |
| (၁၇) | သူမကိုယ်ကို အလှူလုပ်ခြင်း | ၁၂၄ |


mgyoe.com

mgyoe.com


(၁၈) မေတ္တာမိုးရိပ်မိုးဆင်များ ၁၃၁
(၁၉) မျက်နှာခုနစ်ခေါက်ချိုး ၁၄၀
(၂၀) သူစိမ်းများနှင့် ရေစက်ဆုံခြင်း ၁၄၅
(၂၁) တစ္ဆေနှင့် စိတ္တဗေဒ ၁၅၁
(၂၂) သွေးသားနှင့် သူစိမ်း ၁၅၉
(၂၃) လက်ဖက်ဝါဝါနှင့် အနာဂတ် ၁၆၉
(၂၄) ဓမ္မပဒ နှင့် စိတ္တဇ ၁၇၃
(၂၅) အထောက်အထား ဖန်တီးသူ ၁၈၃
(၂၆) ပြဿနာတစ်ခု ရှင်းသွားခြင်း ၁၈၉
(၂၇) မေတ္တာသက်သက် အနမ်းများ ၁၉၅
(၂၈) ရန်ကုန်မြေဝိုင်း ကချေသည် ၂၀၇
(၂၉) လှည်းတစ်စီးတိုက် စိတ်အမှိုက်ပုံ ၂၁၅
(၃၀) ဆင်တူရိုးမှား နိဂုံးနှစ်ခု ၂၂၃
(၃၁) ထပ်မံ၍ မွေးဖွားခြင်း ၂၃၃


❐

mgyoe.com

mgyoe.com


## ၁။ ။ မှောင်မည်းသော လှေကားကျဉ်းကလေး

ငွေနှင်းဖွေးဖွေး လေပြေအေးသည့် နတ်တော်လဆန်းရက် ဖြစ်ပါသည်။

၃၈ လမ်းရှိ ဟောင်းမြင်းသော လေးထပ်တိုက်တစ်လုံးပေါ်မှ လူရွယ်တစ်ယောက်သည် ကသုတ်ကရုတ် ဆင်းလာသည်။ လမ်းမပေါ်သို့ရောက်သောအခါတွင် ဇဝေဇဝါအမူအရာနှင့် ခေတ္တမျှရပ်နေပြီးနောက် အောက်ဘက်သို့ ဆုတ်ဆိုင်းဆိုင်း လျှောက်သွားလေသည်။

သူသည် လှေကားမှအဆင်းတွင်တော့ တိုက်ရှင်မိန်းမကြီးနှင့် မတွေ့အောင် ရှောင်တိမ်းနိုင်ခဲ့ပြီးဖြစ်၏။ သူနေရသည့်အခန်းမှာ ခေါင်မိုးနှင့်ကပ်နေသော အပေါ်ဆုံးထပ်တွင် ဖြစ်ပါသည်။ အခြားသုံးထပ်တိုက်များလောက်သာရှိသော အမြင့်ကို လေးထပ်ဖြစ်အောင် ပိုင်းခြားထားသဖြင့် အပေါ်ဆုံးထပ်သည် စံချိန်မီတိုက်ခန်းတစ်ခုမဟုတ်ဘဲ အထပ်ခိုးနိမ့်နိမ့်သာ ဖြစ်ချေတော့၏။

သို့ရာတွင် သူသည် ဤအခန်းကျဉ်းကျဉ်း နိမ့်နိမ့်ကလေးမှာပင် မနည်းကြီးတွယ်ကပ်၍ နေနေရခြင်း ဖြစ်ပါသည်။ တိုက်ရှင်မိန်းမကြီးသည် သူ့အခန်းအောက်တည့်တည့်ရှိ တတိယထပ်တွင် နေထိုင်သည်ဖြစ်၍ သူအပြင်ထွက်လိုတိုင်း တိုက်ရှင်၏ မီးဖိုခန်းကို ဖြတ်ဆင်းသွားရပါသည်။ ဤအခါတိုင်းမှာပင် သူသည် ကြောက်ဒူးများတုန်၍ စိတ်မလုံမလဲ မျက်နှာမရဲ ဖြစ်ခဲ့ရပါသည်။ အကြောင်းမူ သူသည် တိုက်ရှင်မိန်းမကြီး

mgyoe.com

mgyoe.com

အား ပေးဆပ်ရန် အခန်းလခနှင့် ထမင်းလခများ ခေါင်ခိုက်နေပြီဖြစ်သောကြောင့်တည်း။

တကယ်တော့မူ ကြွေးရှင်မိန်းမကြီးကိုသာ တိမ်းရှောင်နေသည်မဟုတ် သူ၏အပေါင်းအဖော်များနှင့် မတွေ့အောင် ကြိုးစားနေသည့်ကာလလည်း ဖြစ်ပေသည်။ ယခုတလောတွင် သူက မည်သူနှင့်မျှ မတွေ့လို။ လောကကြီးကို တူတူပုန်းနေသည့်အချိန် ဖြစ်ပေသည်။ စီးပွားရေးကျပ်တည်းလာ သည်နှင့်အမျှ သူ၏အနေအထားမှာလည်း အလိုလိုသိမ်ငယ်၍ လာနေတော့၏။ ကြုံ့၍ရှုံ့နေတော့၏။

တစ်ခါတစ်ခါတွင် သူသည် သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ဟုအားတင်း၍ လောကကြီးအား ဖြစ်သည့်နည်းနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချသော်လည်း လှေကားပေါ်တွင် တဖျစ်တောက်တောက်မြည်တွန်တောက်တီး၍ ကြွေးတောင်းခံရမည့်အရေးကိုတော့ မုန်းတီးရွံရှာလျက်ပဲရှိ၏။ သူက တောင်းပန်နှစ်သိမ့်ရခြင်း၊ လိမ်ညာဖြတ်သန်းရခြင်းများကိုငြီးငွေ့နံစော်နေပါပြီ။

ထို့ကြောင့် သူလည်း သူခိုးသူဝှက်ပမာ တိုက်ပေါ်မှဆင်းခဲ့ရသည်ချည်းသာ။

"ငါဒီလောက်ပဲ သွေးကြောင်သလား။ ဒါလောက်ပဲ သတ္တိနည်းသလား။ ငါဟာ ဘာကိုမှ ရင်မဆိုင်ရဲဘူးလား။ ဟုတ်တယ်။ ငါဟာဘာကိုမှ လက်တွေ့လုပ်ရဲတဲ့လူ မဟုတ်ဘူး။ အခုတလောမှာ ငါဟာအိပ်ရာပေါ်လှဲ ပြီး စိတ်ကူးတွေသာ ထုတ်နေတယ်။ အဲဒီစိတ်ကူးတွေကိုအကောင်အထည် ဖော်ဖို့ကျတော့ ကြောက်နေတယ်။ ငါဟာ သူရဲဘောနည်းတဲ့ကောင်ပဲ။ ဒီတိုက်ရှင်မိန်းမကြီးကိုတောင်မှ ကြောက်နေရင်တခြား ငါစိတ်ကူးကြံစည်ထားတာတွေဟာ ဘယ်မှာလက်တွေ့ဖြစ်နိုင်တော့မှာလဲ"

လူရွယ်သည် သူ့ကိုယ်သူ စကားပြောလျက် လမ်းလျှောက်သွားနေသည်။ သူ့ပတ်ဝန်းကျင်တွင် အခြားသူတွေလည်း စားသောက်နေထိုင်မှုအတွက် အသီးသီးလုပ်ကိုင်နေကြရသည်ကို သူက ဂရုမပြုမိ။ ဤကမ္ဘာလောကကြီးတွင် သူတစ်ယောက်တည်းသာ အဆင်မပြေသူရှိသကဲ့သို့

mgyoe.com

mgyoe.com


မျက်နှာကြီးကို သုန်မှုန်၍ထားပါသည်။ သူ့မျက်နှာသည် အဘယ်မျှ ကုတ်မှောင်၍ထားစေကာမူ သူသည် လူချောလူခန့်တစ်ယောက်ဖြစ်သည်ကတော့ အဘက်ဘက်မှ မြင်သာထင်ရှားလှပါ၏။

မျက်လုံးမျက်ခုံးကောင်း၍ ယောက်ျားကောင်းပီသသော အရပ်အမောင်းရှိ၏။ တစ်ယောက်တည်း စကားပြောတတ်သောအကျင့်ကသာ သူ၏ ပျော့ကွက်ကို ဖော်ပြနေသည်။ ရံဖန်ရံခါတွင် သူ၏ အထက်အောက်နှုတ်ခမ်းများသည် တရွရွလှုပ်ရှား၍ အတွင်းစိတ်ဂနာမငြိမ်မှုကို ဖွင့်လှစ်ပြနေပေသည်။

ယင်းအပြင် လူရွယ်အား ကြည့်ရသည်မှာ မျက်တွင်းချိုင့်၍ အနည်းငယ် ပန်းလျနွမ်းနယ်ပုံ ရပါသည်။ အမှန်တော့ သူသည် အိပ်မပျော်သော ညများဆင့်၍ ထမင်းနှင့်လည်း နှစ်ရက်လုံးလုံး ဝေးနေရသူ ဖြစ်ပါသည်။

သူ၏ အဝတ်အစားများမှာလည်း အထူးပင် ပေရေဟောင်းနွမ်းလှပါသည်။ ပင်နီတိုက်ပုံအင်္ကျီတွင် ကြေးကြောင်းများ ထင်နေသည်ကို တွေ့ရ၏။ အောက်မှ ရှပ်အင်္ကျီသည်လည်း ဝါကျင်ကျင် နီသွေ့သွေ့ဖြစ်၏။ ကော်လံနှင့် အင်္ကျီအိတ်သည် ဖွာလံကျဲလျက်ရှိ၏။ လက်ဖျားသည်လည်း ခေါက်ရိုးပျက်လျက်ရှိပြီး လုံချည်မှာလည်း ရေလဲသာသာဖြစ်ပါ၏။ ယင်းကြောင့်လည်း သူသည် ကျောင်းနေဘက် သူငယ်ချင်းများနှင့် မတွေ့မြင်လို မတွေ့ကြုံလိုခြင်း ဖြစ်သည်။

သူက ဘယ်မျှပင် ပတ်ဝန်းကျင်ကို မေ့လျော့၍ လာစေကာမူ သူသွားရှိမည့်နေရာကိုတော့ ကောင်းစွာအမှတ်ရနေပါ၏။ အကြောင်းမူ သူနေထိုင် ရာတိုက်နှင့် သူသွားရမည့်နေရာ မည်မျှကွာလှမ်း၍ မည်မျှကြာကြာသွားရမည်ကို အတိအကျ သိနေသောကြောင့် ဖြစ်ပါသည်။ တစ်ခါက သူသည် ဤခရီးကိုလျှောက်ရင်းနှင့် ခြေလှမ်းပေါင်းမည်မျှရှိသည်ကို ရေတွက်ခဲ့ပါ၏။ အလှမ်းပေါင်း ခုနစ်ရာသုံးဆယ်တိတိ ရှိပါသည်။ ယခုလည်း သူက ဤခရီးကို ရည်ရွယ်ချက်တစ်ခုနှင့် လျှောက်နေခြင်းဖြစ်ပါသည်။ သူ၏ ညစိတ်ကူးများကို ဇာတ်တိုက်နေခြင်းပင်ဖြစ်သည်။

လူရွယ်သည် ကျဉ်းမြောင်းရှုပ်ထွေး၍ ပေရေညစ်ပတ်သောလမ်း

mgyoe.com

အတိုင်း လျှောက်လာရာ မကြာမီတွင် တိုက်အိုကြီးတစ်လုံးရှေ့သို့ ဆိုက်ရောက်လာတော့၏။ ထိုတိုက်ဟောင်းကြီးတွင် ငှားရမ်းနေထိုင်ကြသူများမှာ တရုတ်၊ ကုလား၊ မြန်မာ၊ ကပြား စသည်ဖြင့် လူမျိုးစုံဖြစ်လေသည်။ ထိုသူတို့သည် ပျော်ရာမှာနေကြသူများ မဟုတ်ဘဲ တော်ရာမှာ နေကြရသူများ ဖြစ်ပါသည်။ သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလည်း တစ်ဦးနှင့်တစ်ဦး မတူကြပါချေ။ လူရွှယ်သည် တိုက်နှင့်ပတ်ဝန်းကျင်အခြေအနေကို အတော်ကြာအောင် ဂဃနဏ လေ့လာပြီးမှ မည်းမှောင်ကျဉ်းမြောင်းသော လှေကားလေးအတိုင်း တက်သွားပါသည်။ လှေကားမှာ လူဝဝတစ်ယောက် ခဲခဲယဉ်းယဉ်းတက်သာရုံသာ ကျယ်ဝန်း၍ အလင်းရောင်မှာ မရှိသလောက် နည်းပါးလှချေသည်။ သို့ရာတွင် သူက တက်နေကျလှေကားဖြစ်၍ ဘယ်နှထပ်ရှိသည်ကိုပင် သိနေပါသည်။ ဤပတ်ဝန်းကျင်ကို သူက ကောင်းစွာ ကျက်မှတ်မိနေပြီး သဘောလည်းကျနေပါ၏။ အထူးသဖြင့် မှောင်နှင့်မည်းမည်းဖြစ်နေသည်ကို ပို၍နှစ်ခြိုက်နေပါသည်။ "အခုကတည်းက ငါ ဒါလောက်ကြောက်နေရင် တကယ်လုပ်တဲ့အခါကျတော့ ဘယ့်နှယ်နေပါ့ မလဲ . . ." လူရွှယ်သည် စတုတ္ထထပ်သို့ရောက်ရှိသောအခါတွင် သူ့ကိုယ်သူ မကျေမနပ်နှင့် မေးမိပြန်၏။ ယင်းအခိုက်တွင် သူသည် အတန်ကြာ ရှေ့မတိုးသာဘဲ ဖြစ်နေ၏။ အကြောင်းမူ ကုလားသုံးလေးယောက်သည် အိမ်ထောင်ပရိဘောဂများကို သယ်ရွှေ့နေကြသောကြောင့် ဖြစ်ပါသည်။ ထိုအခန်းတွင် အသက်အာမခံ ကိုယ်စားလှယ်ကုလားတစ်ယောက် နေထိုင်ကြောင်းကို သူသိရှိပါသည်။ ယခုအခါတွင် အဆိုပါကုလားသည် တခြားသို့ ပြောင်းရွှေ့သွားပြီဖြစ်၍ နောက်ထပ်လူငှားမရောက်မချင်း စတုတ္ထထပ်၏ မြောက်ဘက်လှေကားထိပ်၌ အဘွားကြီးတစ်ဦးသာ ရှိနေတော့မည်ဖြစ်ကြောင်းကို ညွှန်ဖော်ပြနေတော့၏။ ဤတိုက်အပေါ်ထပ်သို့တက်ရန် တောင်ဘက်ထိပ်၌ လှေကားတစ်ခု ရှိပါသေးသည်။ လေးခန်းလေးထပ်တိုက်ဖြစ်၍ နှစ်ခန်းလျှင် လှေကားတစ်ခုကျ တပ်ဆင်ထားခြင်းဖြစ်ပါသည်။

သူသည် လှေကားထိပ်၌ ကုလားများနှင့်လွတ်အောင် ကပ်၍ရပ်နေ

mgyoe.com

mgyoe.com


ပြီး နောက် အဘွားကြီး၏အခန်းဝတွင် တပ်ဆင်ထားသော လျှပ်စစ်ခလုတ်ဖြူလေးကို နှိပ်လိုက်သည်။ အတွင်းခန်းမှ လူခေါ်ခေါင်းလောင်းသံ ခပ်အက်အက် ပေါ်ထွက်လာသည်။ ကွမ်းတစ်ညက်ခန့်ကြာမှအတွင်းမှ ကန့်လန့်ဖြုတ်သံကြားရပြီး တံခါးဟဟ ပွင့်လာသည်။ အဘွားကြီးသည် မဟတဟကြားမှနေ၍ ဧည့်သည်ကို စူးစမ်းသည့်အနေမျိုး ကြည့်နေသည်။ မှောင်ဝါးဝါးတွင် အဘွားကြီး၏ သေးငယ်မာကျောသော မျက်လုံးများသည် ဝင်းလက်၍ နေပါသည်။ လှေကားထိပ်တွင် ကုလီကုလားများကို တွေ့ရှိရသောအခါတွင်မှ အဘွားကြီးသည် အခြေအနေကို စိတ်ချသွားသည့်အလား တံခါးကို ကျယ်ကျယ်ဖွင့်လိုက်လေသည်။ လူတစ်ကိုယ်စာပွင့်သွားသည်နှင့်တစ်ပြိုင်နက် လူရွယ်သည် အတွင်းသို့တိုးဝင်လိုက်၏။ အဘွားကြီးကတော့ လူရွယ်နှင့် မျက်နှာချင်းဆိုင်ရပ်လျက် စပ်စပ်စုစုကြည့်နေဆဲဖြစ်ပါသည်။

အဘွားကြီးမှာ အသက် ၆၀ ခန့်ရှိ၍ အရေများ တွန့်လိမ်နေပြီဖြစ်၏။ မျက်လုံးစူးစူးနှင့် နှာခေါင်းချွန်ချွန်တို့ကလွဲ၍ အခြားကိုယ်ထည်ပစ္စည်းများသည် အားနည်းမွဲတေလျက်ရှိပေပြီ။ ကြက်ခြေတောက်နှင့်တူသော သူမ၏ လည်တံရှည်ရှည်တွင် တဘက်ဖြူတစ်ထည် ပတ်ထားပါသည်။ အဘွားကြီးသည် မကြာခနဆိုသလို ချောင်းတဟွတ်ဟွတ်ဆိုးလျက် ရှိပါသည်။ ခေါင်းဖြူဖြူကို အုန်းဆီအလွန်အကျွံလိမ်းထားသဖြင့် အနံ့စူးစူးကြီး ပေါ်ထွက်လာပါသည်။ အဘွားကြီးသည် တစ်စထက်တစ်စ လူရွယ်ကို သင်္ကာမကင်းလာပုံပေါ်လာ၏။

"ကျွန်တော့်နာမည် မောင်ရန်ကင်းပါ။ ကျောင်းသားပါ။ လွန်ခဲ့တဲ့ တစ်လတုန်းက ဒီကိုတစ်ခေါက် ရောက်ဖူးပါတယ်"

သူက အဆောတလျင် ပြောလိုက်သော်လည်း ရိုသေကိုင်းရှိုင်းမှုတော့ အပြည့်အဝပါရှိပါ၏။

"အင်း . . . အင်း . . . ဟုတ်ပြီ . . . မှတ်မိပြီ"

သို့ရာတွင် အဘွားကြီး၏မျက်လုံးများကတော့ ကျီးကန်းတောင်းမှောက်ပဲ ဖြစ်နေသေး၏။

"ဟုတ်ကဲ့ . . . အခုလည်း ကိစ္စရှိလို့လာတာပါ"

mgyoe.com

mgyoe.com


မောင်ရန်ကင်းက ဆက်မပြောသေးဘဲ အဘွားကြီး၏ မယုံသင်္ကာမှုကို အံ့ဩနေမိ၏။

"ပိုက်ဆံရှိတဲ့လူတွေဟာ လူတွေကို အမြဲတမ်း မယုံသင်္ကာဖြစ်နေကြတာပဲနဲ့ တူပါတယ်၊ အရင်တစ်ခေါက်တုန်းက ဒါကို ငါသတိမပြုမိလို့နေမှာပါ" သူက ဆက်၍တွေးနေမိ၏။

အဘွားကြီးသည် အတန်ကြာအောင် ချီတုံချတုံရှိနေပြီးမှ လမ်းဖယ်ပေးရင်း . . .

"ထိုင်ဦးလေ မောင်ရင်"

အခန်းနံရံအပြည့်တွင် စက္ကူဝါကျင့်ကျင့်များ သေသေသပ်သပ်ကပ်ထားသည်ကို တွေ့မြင်ရ၏။ ပွင့်ရိုက် ပိတ်ခန်းဆီးများသည် ညနေခင်း နေရောင်ဖျော့ဖျော့တွင် မှေးမှိန်စွာ ရောင်ပြန်ဟပ်လျက် ရှိပါသည်။

"အင်း . . . ဒီအချိန်ဆိုရင် နေရောင်ဝင်နေမှာပဲ" သူက ဤသို့တွေးတောရင်းက အခန်းကို ကသောကမျော ကြည့်ရှုလျက်ရှိ၏။ အခန်း၏ အနေအထားနှင့်ပစ္စည်းများ အထားအသိုတို့ကို စိတ်ထဲမှ မှတ်သားနေ၏။ သို့ရာတွင် ရှုပ်ရှုပ်ထွေးထွေး မှတ်သားရန်များတော့ မရှိပါ။

ကျွန်းလက်ရမ်းရိုင်းရိုင်း တပ်ထားသောဆိုဖာနှစ်လုံး၊ ဘဲဥပုံစားပွဲတစ်လုံး၊ ကိုယ်လုံးပေါ် မှန်တံခါးတပ်ထားသော မတ်တတ်ဗီရိုကြီးတစ်လုံးနှင့် နံရံပေါ်မှာ ပျက်ပျက်ပြယ်ပြယ် ဆေးရေးပန်းချီကားသုံးချပ်တို့သည် သာလျှင် ဧည့်ခန်း၏ ကျက်သရေဆောင်များ ဖြစ်ကြသည်။ အခန်းထောင့်တွင် ရှံသားစနီနီ ကာထားသော နတ်အုန်းသီးခြောက်တစ်လုံးကို မြင်တွေ့ရပါသည်။

တစ်ခန်းလုံးတွင် မြူတစ်မှုံမျှ မတွေ့ရ။ ကြမ်းပြင်နှင့်အဆင်အပြင်များ အားလုံးကို အထပ်ထပ် တိုက်ချွတ်ထားသည်ကို သိမြင်ရ၏။ 'အင်း. . . မုဆိုးမတွေဟာ အားတိုင်းယားတိုင်း ကြမ်းပဲတိုက်နေတယ်နဲ့တူတယ်' ဟု သူက အောက်မေ့လိုက်သည်။

"ဘာကိစ္စရှိလို့လဲ မောင်ရင်"

အဘွားကြီးက ခုမှ သူ့အား တွေ့ရှိသည့်ပမာ မေးလိုက်၍ သူလန့်သွားသည်။ အဘွားကြီးသည် သူထိုင်နေသော ဆိုဖာရှေ့တွင် ကျောက်ရုပ်

mgyoe.com

mgyoe.com

ကြီးလို ရပ်လျက်ရှိသည်။

"ကျွန်တော် ပစ္စည်းတစ်ခုပေါင်ချင်လို့ပါ"

သူက ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်ပြီး အိတ်ထဲမှ ခါးပိုက်ဆောင်နာရီ တစ်လုံးကို ထုတ်ယူလိုက်၏။ သံမဏိကြိုးရှည်ရှည် တပ်ထားသည်။

"အရင်ပေါင်ထားတာကို ပြန်မရွေးသေးဘူးလား။ မနက်ဖြန်ဆို စေ့တော့မယ်"

"ကျွန်တော် အတိုးပေးထားပါ့မယ်။ ဒီနာရီ ဘယ်လောက်ပေးမလဲ"

"မင်းနှယ်ကွယ်၊ ပြောတော့ ကောလိပ်ကျောင်းသား။ လာပေါင်တော့ နှစ်ပြားတစ်ပဲတန်တွေ"

"ကောလိပ်ကျောင်းသားနဲ့ မဆိုင်ပါဘူး။ ရှိတာပေါင်ရတာပဲ။ အရေးကြီးတာက ခင်ဗျားအတိုးရရင် ပြီးရောမဟုတ်လား"

"မင်းနာရီကို ဒီခေတ်ကြီးမှာ ဘယ်သူက ဝယ်မှာလဲ"

"ကျွန်တော်က ရောင်းနေတာ မဟုတ်ဘူး။ ပေါင်နေတာ"

"မရွေးနိုင်ဘဲ ဆုံးသွားတော့ ပြန်ရောင်းရမယ်မဟုတ်လားကွဲ့။ အဲဒီအခါမှ ဝယ်မယ့်လူမရှိရင် အတိုးမရရုံတင်မကဘူး။ အရင်းပါရှုံးနေမှာပေါ့"

"မရှုံးပါဘူး။ ဒါမျိုးလိုချင်တဲ့ဘုန်းကြီးတွေ အဘိုးကြီးတွေ အများကြီးရှိပါတယ်။ ပြီးတော့ ကျွန်တော်ကလည်း အဆုံးမခံပါဘူး။ ဒါ ကျွန်တော့် အဖေရဲ့ပစ္စည်းပါ"

"ကောင်းပြီလေ။ ဆယ့်ငါးကျပ်ပေးမယ်။ အတိုးကို တစ်ခါတည်း နုတ်ယူထားလိုက်မယ်"

"ဆယ့်ငါးကျပ် ဟုတ်လား။ မနည်းဘူးလား"

လူရွယ်က မျက်မှောင်ကုတ်၍ ရေရွတ်လိုက်သည်။

"ဒါတော့ သဘောပဲလေ"

အဘွားကြီးက ဤသို့ပြောပြီးနောက် နာရီကို သူ့အား ပြန်ပေးလိုက်၏။ သူက ဒေါကြီးမောကြီးနှင့် ဆွဲယူလိုက်၏။ သူက စိတ်တိုစွာဖြင့် ထပြန်ရန် ပြင်လိုက်၏။ သို့ရာတွင် အစိုးရအပေါင်ဆိုင်သို့သွားလျှင် ဤမျှလောက် မရနိုင်ကြောင်းကို သတိရသောအခါတွင် ဒေါသကိုထိန်း
mgyoe.com

mgyoe.com


လိုက်ရ၏။ ၎င်းအပြင် သူ့တွင် နောက်ထပ်လာရန် ကိစ္စတစ်ခုရှိသေးသည် မဟုတ်ပါလား။

"ကောင်းပြီလေ ထားပေါ့"

သူက ခပ်မာမာပြောလိုက်၏။ အဘွားကြီးသည် သက္ကလတ်ရင်ဖုံးအင်္ကျီထဲမှ သော့တွဲကို ထုတ်ယူ၍ အတွင်းခန်းထဲသို့ ဝင်သွားလေ၏။ လူရွယ်သည် ခန်းမအလယ်တွင် တစ်ယောက်တည်း မတ်တတ်ရပ်၍ ကျန်ရစ်ခဲ့လေသည်။ နားကိုစွင့်၍ စဉ်းစားခန်းဖွင့်နေ၏။ ဗီရိုအံဆွဲများ သော့ဖွင့်သံကို သူက ကောင်းစွာကြားနေရ၏။

"အပေါ်ဆုံးအံဆွဲဖြစ်မှာပဲ" သူက ခန့်မှန်းနေ၏။ "သော့တွဲကို အပေါ် အင်္ကျီညာအိတ်ထဲမှာထားတယ်။ သော့တွဲထဲမှာ အထစ်သုံးထစ်ရှိတဲ့ သော့ကြီးတစ်ချောင်းရှိတယ်။ ဒါလောက်ကြီးတဲ့သော့ဟာ အံဆွဲသော့တော့ မဖြစ်နိုင်ဘူး။ ဒီလိုဆိုရင် တခြားသေတ္တာတစ်လုံး။ ဒါမှမဟုတ် မီးခံသေတ္တာတစ်လုံးရှိရဦးမယ်။ ဒါကို သေသေချာချာ သိထားဖို့လိုတယ်။ ဂျာမနီကလာတဲ့ မီးခံသေတ္တာသော့တွေဟာ ဒါမျိုးတွေပဲ။ အို ငါဘာတွေများ စဉ်းစားနေမိသလဲ"

အခန်းတွင်းသို့ အဘွားကြီး ပြန်ရောက်လာသည်။

"ရော့ မောင်ရင် ရွှေပေါင်မဟုတ်ရင် အစိတ်အောက်ကို တစ်ဆယ်တစ်ကျပ်တိုးလို့ အမေပြောထားတယ် မဟုတ်လား။ ဒီတော့ အခုဆယ့်ငါးကျပ်အတွက်က တစ်ကျပ်ခွဲ။ အရင်ချေးထားတဲ့ နှစ်ဆယ်အတွက်က နှစ်ကျပ်။ ပေါင်း သုံးကျပ်ခွဲ နုတ်လိုက်တော့ အခုမောင်ရင့်ကို အမေက ဆယ့်တစ်ကျပ်ခွဲပဲ ပေးရတော့မယ် ရော့"

"ဆယ့်တစ်ကျပ်ခွဲပဲ ဟုတ်လား"

"အေးပေါ့"

လူရွယ်သည် ဆက်လက်ငြင်းခုံမနေတော့ဘဲ အဘွားကြီးပေးသောငွေကို လက်ခံ၍ ယူလိုက်သည်။ သို့ရာတွင် သူသည် ရုတ်တရက်ထွက်ခွာသွားလိုပုံ မရသေးပါချေ။ အဘွားကြီးအား တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် နေရာတွင် ရပ်မြဲရပ်လျက် ရှိပါ၏။

"နောက်တစ်ရက်နှစ်ရက်ကြာရင် ကျွန်တော် တစ်ခုခုယူလာပါဦး

mgyoe.com

mgyoe.com


မယ်။ တော်တော်အဖိုးတန်ပါတယ်။ ငွေထည်ပစ္စည်းပါ။ စီးကရက်ဘူးပါ။ သူငယ်ချင်းတစ်ယောက်ဆီက ပြန်ရရချင်း ယူလာပါ့မယ်"

"အေးလေ . . . ယူလာတော့မှ ပြောကြတာပေါ့"

"ကျွန်တော် သွားမယ်။ အဘွားတစ်ယောက်တည်းပဲလား။ အဘွားညီမ ဘယ်သွားသလဲ"

"ဒါ မောင်ရင်ကိစ္စ မဟုတ်ပါဘူး"

"အို . . . မဟုတ်ပါဘူး။ စကားအဖြစ် မေးကြည့်တာပါ။ အဘွား တကယ်စိတ်တိုတာကိုး"

မောင်ရန်ကင်းသည် စိတ်ရှုပ်ထွေးစွာဖြင့် ပြန်ခဲ့ပါသည်။ သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်လျက် ရှိပါသည်။ သူသည် လှေကားမှဆင်းလာရင်းနှင့် နှစ်ခါ သုံးခါ ဆိုသလို ရပ်ပါသည်။

တစ်စုံတစ်ခုကို ရုတ်ခြည်းစိတ်ကူးပေါက်မိဟန်ရှိပါသည်။ လမ်းမပေါ်သို့ ရောက်သောအခါတွင်ကား သူ့ကိုယ်သူ ကျိန်ဆဲလျက်ရှိပါသည်။ မကောင်းဘူး။ ငါ့စိတ်တွေဟာ မကောင်းဘူး။ ငါ့ခေါင်းထဲ ဘယ်လို စိတ်ကူးတွေများ ရောက်လာတယ်မသိဘူး။ ငါဟာ ခြင်တစ်ကောင်ကို တောင် ရဲရဲသတ်ဝံ့ခဲ့တာ မဟုတ်ဘူး။ ငါဒီတစ်လလုံးလုံး မဟုတ်တာတွေပဲ စိတ်ကူးနေခဲ့တယ်။ သူသည် အကြောင်းအရာတစ်ခုကို ထပ်တလဲလဲ တွေးတောရင်းဖြင့် လျှောက်လာနေသည်။ မကြာခဏဆိုသလို လမ်းသွားလမ်းလာများနှင့် ဝင်တိုးမိ၏။ နှစ်ခါသုံးခါဆိုသလို လမ်းသွားလမ်းလာများနှင့် တိုက်မိမလိုရှိ၏။ ဖရေဇာလမ်းကို ဖြတ်ကူးရန် ကားအရှင်းကို စောင့်စားနေရင်းနှင့် ရှေ့တူရူမှ အရက်ဘားနှင့် ပျော်ပွဲစားရုံတစ်ခုကို သူက သတိပြုမိ၏။ ဆင်နားရွက်တံခါးသည် ပွင့်လိုက်ပိတ်လိုက်နှင့် လူများ တသွက်သွက် ဝင်ထွက်လျက်ရှိကြ၏။

သူသည် အရက်သေစာ စားသောက်ကြူးသူ မဟုတ်ပါ။ တစ်ကြိမ်နှစ်ကြိမ်တွင်သာ သူငယ်ချင်းများ အတင်းတိုက်၍ လေးဖက်ထောက်ခဲ့ဖူးပါသည်။ ထိုကတည်းက သူသည် နောက်ထပ် မသောက်တော့ဟု ဆုံးဖြတ်ခဲ့၏။ အကြောင်းမူ သူသည် မည်သည့်အရက်ကိုမျှ ခံတွင်းမတွေ့သောကြောင့် ဖြစ်ပါ၏။

mgyoe.com

mgyoe.com


သို့ရာတွင် သူသည် လမ်းကိုဖြတ်ကူးမိသည်နှင့် တစ်ပြိုင်နက် ဘားထဲသို့ တန်းတန်းမတ်မတ် ဝင်သွားမိပါ၏။ သူ၏ ဝမ်းသည်လည်း ဆာလောင်မွတ်သိပ်၍ ပူနေပြီဖြစ်၏။ သူ၏ ခေါင်းသည်လည်း အတွေး ချင်းယှက်ထပ်၍ ပူနေပြီဖြစ်၏။

လခစားသမားများ ဘိုင်ကျစပြုလာပြီဖြစ်သော လဝက်ပိုင်းဖြစ် သဖြင့် ဆိုင်အတွင်း၌ လူအတော်ရှင်းလျက်ရှိပါသည်။ သူက ဘာရန်ဒီဝမ်း ပက်နှင့် အစိမ်းကြော်တစ်ပွဲကို မှာယူလိုက်သည်။

*

mgyoe.com

mgyoe.com


## ၂။ ။ကြောက်မက်ဖွယ်ကောင်းသော ငိုသံများ

မောင်ရန်ကင်းသည် အထီးကျန်သမားတစ်ဦးဖြစ်ပြီး လူသူလေးပါးကို ရှောင်တိမ်းနေသူတစ်ဦး ဖြစ်သော်လည်း ယနေ့ညအဖို့မူ သူသည် တစ်ကိုယ်တည်းနေရမည်ကို စက်ဆုပ်လျက်ရှိသည်။ တစ်လလုံးလုံး အခန်းအောင်း၍ ဦးနှောက်အလုပ်ပေးခဲ့ရသည့်အတွက်လည်း ငြီးစီလျက်ရှိပေပြီ။ ထို့ကြောင့် သူသည် ပျော်ပွဲစားရုံထဲသို့ ရောက်ရှိနေရခြင်းကို တဖြည်းဖြည်း သဘောကျလာလျက်ရှိသည်။

သူနှင့်ဆန့်ကျင်ဘက်ထောင့်တွင် ကုလားတစ်သိုက်ဆူညံနေကြသည်။ တစ်ခါတစ်ရံတွင် တဝါးဝါးရယ်မောကြ၍ တစ်ခါတစ်ရံတွင်မူ ရိုက်မောင်း ပုတ်မောင်း ငြင်းခုံနေကြသည်။ မောင်ရန်ကင်းသည် ထိုကုလားတစ်သိုက်ကို စိတ်ဝင်စားစွာ ကြည့်နေမိသော်လည်း သူတို့ကတော့ ဤကမ္ဘာလောကကြီးတစ်ခုလုံးအား စိတ်မဝင်စားကြတော့။ သူတို့၏ လုပ်ရေးကိုင်ရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အဆင်မပြေမှုများကို အခိုက်အတန့်အားဖြင့် မေ့လျော့ထားကြလေပြီ။

ကုလားတစ်သိုက်နှင့် တခြားစားပွဲတွင်ကား မြန်မာလူရွယ်သုံးဦးသည် အရေးတကြီး ဆွေးနွေးတိုင်ပင်လျက် ရှိကြပါသည်။ ကုလားများက ဆူညံနေသည့်အပြင် သူတို့ကလည်း လေသံသဲ့သဲ့နှင့်သာ ပြောနေကြသဖြင့် လူရွယ်သုံးဦးသည် ချစ်ရေးကိစ္စပဲ တိုင်ပင်နေကြသလား၊ ရာဇဝတ်မှုကျူးလွန်ရန်ပဲ ညှိနှိုင်းနေကြသလားဟု မမှန်းဆနိုင်ပါပေ။

မောင်ရန်ကင်းအနေနှင့် နောက်ဆုံး စိတ်ဝင်စားနေမိသူတစ်ဦး

mgyoe.com

mgyoe.com


ကတော့ ပြတင်းပေါက်အနီးရှိ စားပွဲတွင် သူ့လိုပင် တစ်ယောက်တည်း ထိုင်နေသော လူကြီးတစ်ဦးကို ဖြစ်ပါသည်။ ထိုလူကြီးကလည်း သူ့အား မကြာခဏဆိုသလိုပင် လှမ်း၍ကြည့်နေသည်။ အဖော်မပါသူနှစ်ဦးသည် တစ်ဦးကို တစ်ဦးမိတ်ဖွဲ့စကားပြောလိုကြဟန်ရှိပါသည်။ အဆိုပါ လူကြီးသည် အသက် ၅၀ ခန့်ရှိပုံရပြီး ထိပ်ပြောင်ပြောင် ပုတိုတိုကြီး ဖြစ်ပါသည်။ သူ၏ မျက်နှာသည် အရက်ရှိန်ဖြင့် ရဲရဲနီနေပါသည်။ သူ၏ ဝပြောခြင်းသည် အရက်ဖောခြင်းပင် ဖြစ်စရာရှိပါသည်။ ထိုလူကြီး၏ အဝတ်အစားများသည် စုတ်ပြတ်ပေရေနေရုံသာမက ရင်ဘတ်ကြယ်သီး လည်း တစ်လုံးမျှ မရှိပါချေ။ အောက်မှ စွပ်ကျယ်သည်လည်း အလားတူ မည်းညစ်ပေါက်ပြဲလျက်ရှိပါသည်။ သူသည် အငြိမ်မနေပါချေ။ ဆယ်ပြား စေ့ နှစ်စေ့ဖြင့် မုတ်ဆိတ်မွေးထောင်ထောင်များကို နုတ်လျက်ရှိပါသည်။ မောင်ရန်ကင်းက ထိုအပြုအမူကို မနှစ်သက်ပါ။ သို့ရာတွင် ထိုလူကြီး သည် အဝတ်အစားစုတ်ပြတ်သည်နှင့် မုတ်ဆိတ်မွေး မနားတမ်း နုတ်နေ သည်ကလွဲလျှင် အတော်ပင် ခံ့ညား၍ လေးစားဖွယ်ရာကောင်းပါသည်။ အရာရှိတစ်ဦး၏ ပုံစံမျိုးဖြစ်ပါသည်။

နောက်ဆုံးတွင် အဆိုပါလူကြီးသည် ထိုင်ရာမှထ၍ မောင်ရန်ကင်း ရှိရာ စားပွဲသို့ လျှောက်လာပြီး အဆွေခင်ပွန်းဖွဲ့လေတော့၏။

"မောင်ရင့်ကို အရင်နေ့တွေက ဒီဆိုင်မှာ မမြင်မိပါဘူး"

"ဟုတ်ကဲ့။ ကျွန်တော် ဒီဆိုင်ကို ဒီတစ်ခေါက်ပဲရောက်ဖူးပါသေး တယ်"

"အော်-အော်၊ ဒါကြောင့်ကိုး။ အရင်တုန်းက ဘယ်ဆိုင်မှာ အထိုင် များသလဲ။ ဝင်းဝင်းမှာလား တာဝါမှာလား"

"မဟုတ်ပါဘူး။ ကျွန်တော် အမြဲတမ်း မသောက်ပါဘူး"

မောင်ရန်ကင်းသည် အရက်သမားတစ်ဦးအား လေးစားသောအား ဖြင့် သူအရက်သမားမဟုတ်ကြောင်းကို တတ်နိုင်သမျှ ဖုံးကွယ်၍ ဖြေလိုက်ပါသည်။

"ဟုတ်ပါတယ်။ မောင်ရင့်ကြည့်ရတာ အရက်သောက်တတ်ပုံ မရပါ ဘူး။ ဒီအရွယ်မျိုးတွေဟာ စိတ်ညစ်တဲ့အခါ လောကကြီးနဲ့ အဆင်မပြေ

mgyoe.com

mgyoe.com


တဲ့အခါမှာအရက်ဆိုင်ကို ရောက်လာတတ်ကြတာပဲ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်မောင်ရင်၊ လောကကြီးနဲ့ အဆင်မပြေဖြစ်များရင်တော့ ဦးတို့လိုပဲ အရက်အိုးချိုးကပ်သွားမှာပဲ။ ဟဲဟဲ ဦးနာမည်က မင်းမောင်တဲ့။ စာရေး ကြီး ပြုတ်ပေါ့။ ဟား ဟား ဒါနဲ့ ငါ့တူကကော အရာရှိပူပူနွေးနွေးလား"

"မဟုတ်ပါဘူး။ ကျွန်တော် ကျောင်းနေတုန်းပါပဲ"

လူရွယ်သည် ဦးမင်းမောင်၏ ပွင့်လင်းမှုကို အံ့အားသင့်တစ်ဝက်၊ သဘောကျတစ်ဝက်ဖြင့် ပြန်ဖြေလိုက်ပါသည်။ မည်သို့ပင်ဖြစ်စေ သူသည် တစ်ကိုယ်တည်းနေရသည့်အဖြစ်ကို မုန်းတီးနေပြီဖြစ်သဖြင့် စကားများများ ပြောမည့်သူတစ်ယောက်ကိုတွေ့၍ ကျေနပ်ဝမ်းမြောက် သွားပါသည်။

"တက္ကသိုလ်မှာလား"

"ဟုတ်ပါတယ်"

လူရွယ်က ဆုတ်ဆိုင်းဆိုင်း ဖြေပါသည်။ သို့ရာတွင် ဦးမင်းမောင်က မူ **အထူးစိတ်အားထက်သန်မှု** ရှိလာသည်။

**"ဟန်ကျတာပဲ။ ကျုပ်က** ကျုပ်အကြောင်းကို မောင်ရင်တို့လို တက္ကသိုလ်က **ပညာတတ်**တွေကိုမှ ပြောပြချင်တာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမက ပညာတတ်ဗျ။ တက္ကသိုလ်မှာ ပညာသင်လာခဲ့ဖူးတဲ့ အရာရှိ သမီးဗျ။ ကျုပ်ရဲ့ဆံပင်တွေကို သူဆွဲနုတ်ပစ်နေတာဟာ ကျုပ်ကို ချစ်လို့ဆို တာ ကျုပ်နားလည်ပါတယ်။ ဒါပေမဲ့ ကျုပ်အိမ်မပြန်တာ ငါးရက်ရှိပြီဗျ"

မောင်ရန်ကင်းသည် ယခုမှ ဦးမင်းမောင်ကို ထပ်မံလေ့လာမိသည်။ သူအဝတ်မလဲ ရေမချိုးသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း သိသာလှပါ သည်။ သူ့လက်ခုံများသည် ကြေးအထပ်ထပ်ဖြင့် ရွံရှာဖွယ်ကောင်းလှပါ သည်။ မောင်ရန်ကင်းသည် ဦးမင်းမောင်၏လက်ကို နောက်တစ်ကြိမ် ထပ် ကြည့်မိလျှင် နောက်သုံးရက်လောက် ထမင်းစားနိုင်တော့မည် မဟုတ်ပါ။

"ကျုပ်မိန်းမနာမည်က မခင်တီတဲ့။ တစ်ချိန်ကတော့ တက္ကသိုလ်မှာ အင်မတန် ရေပန်းစားတဲ့ နာမည်ပေါ့။ အခုတော့ ကျုပ်မိန်းမပေါ့ဗျာ။ သူ့ကိုလည်း ကျုပ်ပိုင်တယ်။ သူ့ပစ္စည်းတွေကိုလည်း ကျုပ်ပိုင်တယ်။

mgyoe.com

mgyoe.com
ဒါပေမဲ့ ကျုပ်တို့မှာ ခုတော့ ဘာပစ္စည်းမှ မရှိတော့ပါဘူး။ သူကတ္တီပါ တဘက်ကိုတောင် ကျုပ်အရက်နဲ့ လဲသောက်ပစ်လိုက်ပြီ။ ကျုပ်မိန်းမဟာ သူ့ပစ္စည်းလေးတွေသာ မရှိတော့ဘူး။ သူကိုယ်တိုင် ကြမ်းတိုက်၊ အဝတ်ဖွပ် လုပ်ပေမယ့် စားရတော့ ငါးပိရေချိုနဲ့ မဟုတ်လား။ အခုတော့ ချောင်း တဟွတ်ဟွတ်ဆိုးပြီး တီဘီဖြစ်နေပြီနဲ့ တူပါတယ်ဗျာ"

ဦးမင်းမောင်က အရက်တစ်ကျိုက်မော့ပြီး ဆက်ပြော၏။

ဒါပေမဲ့ ကျုပ်နဲ့လက်ထပ်တုန်းက သူဟာ အပျိုမဟုတ်တော့ပါဘူး။ ကလေးသုံးယောက်အမေ မုဆိုးမပါ။ သူ့ယောကျ်ားက ရဲအရာရှိ တစ်ယောက်ပဲ။ ဒီလူက သိပ်တေတော့ ပေတော့ သက်ဆိုးမရှည်ဘူး ပေါ့ဗျာ။ မခင်တီဟာ အရင်ယောကျ်ားဆုံးသွားတော့ အတော်ပဲ ဒုက္ခ ရောက်နေရှာတယ်။ ဒီရန်ကုန်မှာ မဟုတ်ဘူးဗျ။ မိတ္ထီလာမှာ။ အဲဒီတုန်း က ကျုပ်ကလည်း အဲဒီမြို့မှာ ရှိနေတယ်။ သူ့ဆွေမျိုးတွေကလည်း သူ့ယောကျ်ားကို သဘောမကျလို့ ပစ်ထားကြတယ်။ အင်မတန် အားကိုး ရာမဲ့နေတဲ့ အခါပေါ့ဗျာ။ ဒါကြောင့်လည်း ကျုပ်လို စာရေးတစ်ယောက်ကို လက်ထပ်ယူခဲ့တာပေါ့။ ဒါပေမဲ့ သူဟာ ကျုပ်ကို ချစ်ရှာပါတယ်။ ကျုပ်က လည်း လူပျိုမဟုတ်ဘူးဗျ။ မုဆိုးဖိုပဲ။ အဲဒီအချိန်တုန်းက ကျုပ်မှာ ၁၄ နှစ်အရွယ် သမီးလေးတစ်ယောက်ရှိတယ်။ ကျုပ်တို့လက်ထပ်ပြီး ၂ လ လောက်ကြာမှ ရန်ကုန်ကို ပြောင်းခဲ့ကြတယ်။ ရန်ကုန်ပြန်ရောက်ပြီး မကြာပါဘူး တစ်နှစ်လောက်ပဲ ခံပါတယ်။ ကျုပ်ဟာ အလုပ်က ပြုတ်ပြီး လူကြီးတွေရော၊ ကလေးတွေရော ငယ်ကြတာပဲ။ ကျုပ်သမီး စိုးစိုးနုဟာ လည်း ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ထွက်ရှာရတော့တာပဲ။ ဒါနဲ့ မောင်ရင်ကို မေးရဦးမယ်။ ၇ တန်းအောင်ရုံနဲ့ သွေးရိုးသားရိုး အလုပ်ရ နိုင်ပါ့မလား"

ဦးမင်းမောင်က မောင်ရန်ကင်းအား စေ့စေ့ကြည့်၍ မေးပါသည်။ တစ်ဖက်က တော်တော်နှင့် ပြန်မဖြေသောအခါတွင် သူက လက်ကျန် အရက်ကို မော့လိုက်ပြန်သည်။

"ကျွန်တော့် ဘီအေပဲ။ ဘာအလုပ်မှ ရှာမရသေးဘူး"

"ဟုတ်ပြီ ကြိုက်ပြီ။ ကျုပ်သမီးလည်း ဘာအလုပ်မှ ရှာမရဘူး။
mgyoe.com

mgyobe.com

အရေးပေါ် ဆရာဖြစ်သင်တန်းသွားလျှောက်တာလည်း မရဘူး။ ဒီလိုနဲ့ပဲ သူဟာ ကြီးတောင့်ကြီးမားနဲ့ ကလေးလေးသုံးယောက်ရဲ့အစာကို ခွဲဝေစားနေရတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ ကလေးတွေလည်း ဘာမှမစားရလို့ တငိုငိုတစာစာပဲ။ တစ်နေ့တော့ ကျုပ်အိပ်ရာက မထခင် ကျုပ်မိန်းမဟာ ကျုပ်သမီးကို တစ်ခါမှမပြောဖူးတဲ့ စကားတွေကို ပြောနေတယ်။ "နင်ဟာ ဒီလိုပဲ ကလေးတွေစားခွက်ကို နှိုက်စားနေတော့မှာလား။ နင့်အဖေကလည်း အရက်ပဲ သောက်နေတယ်။ နင်ကလည်း အားအားရှိ ဝတ္ထုပဲ ဖတ်နေတာပဲ" ကျုပ်အိပ်ရာကနိုးတော့ ကျုပ်သမီးလေးဟာ ဖြီးလိမ်းပြီး အပြင်ကိုထွက်သွားတာ တွေ့ရတယ်။ နေ့လယ်လောက်ကျတော့မှ သူဟာ အိမ်ပြန်လာတယ်။ အိမ်ပြန်ရောက်တော့ သူဟာ မခင်တီဆီ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပိုက်ဆံတွေ ပေးတယ်။ ဘာတစ်ခွန်းမှ မပြောဘူး။ ကျုပ်မိန်းမကလည်း ဘာတစ်ခွန်းမှ မပြောဘူး။ ကြောင်နေကြတယ်။ တော်တော်လေးကြာမှ နှစ်ယောက်သား ဖက်ပြီး ငိုကြတော့တာပဲ။ သူတို့ငိုတော့ ကလေးသုံးယောက်ဟာလည်း ထိုင်ငိုကြတော့တာပေါ့။ တစ်ခါတည်း မသာအိမ်ကျသွားတာပဲ။ ကျုပ်လည်း အရက်ဆိုင်ဘက်ကို မြန်မြန်လစ်ရတော့တာပဲ"

မောင်ရန်ကင်းသည် ဘာမျှဝင်မမေး။ သူ့အရက်လက်ကျန်ကိုလည်း မသောက်မိ။ အစိမ်းကြော်ပန်းကန်ကိုသာ ခရင်းနှင့်ထိုးဆွ၍ စားနေသည်။ ဦးမင်းမောင်ကမူ သောက်ချင်သေးပုံရ၍ မောင်ရန်ကင်း က ရမ်ဝမ်းပက်မှာ၍ ပေးလိုက်ရသည်။

"အခုတော့ ကျုပ်သမီးဟာ ကျုပ်တို့နဲ့ အတူမနေရတော့ဘူး။ ကျုပ်တိုက်ရှင်က သူ့အကြောင်းသိပြီး ကျုပ်တို့ကို နှင်ချတယ်။ သမီးက သူတစ်ယောက်တည်း ဆင်းပါရစေဆိုပြီး အခုတော့ ၅၁ လမ်းထဲမှာ သွားနေရတယ်။ ကျုပ်တို့ဆီကို ညမိုးချုပ်မှ လာရှာတယ်။ အဲဒီတော့ ကျုပ်ဘဝဟာ ဘာလုပ်မလဲဗျာ။ အရက်ပဲသောက်ဖို့ ရှိတော့တာပေါ့။ ဒါပေမဲ့ ခက်တာက ကျုပ်မှာ အရက်သောက်ဖို့ ပိုက်ဆံလည်း မရှိဘူး။ ကျုပ်က မသောက်ဘဲလည်း မနေနိုင်ဘူးဗျ။ ဒါနဲ့ တစ်နေ့တော့ ကျုပ်သမီးက ကလေးတွေဖို့ အဝတ်ဖိုးဆိုပြီး လာပေးထားတဲ့ ပိုက်ဆံလေးတွေကို မခင်ကီအိပ်နေတုန်း

mgyobe.com

mgyoe.com

ကျုပ် ခိုးမိခဲ့တယ်။ ဘယ်လောက်မှန်းတောင် မမှတ်မိတော့ပါဘူး။ ကျုပ် မှတ်မိတာတော့ ငါးရက်လုံးလုံး အိမ်မပြန်ပဲ သောက်နေမိတာပဲ။ အဲ မနေ့ကတော့ အဲဒီပိုက်ဆံတွေ ကုန်ပါလေရော။ အဲဒီတော့ ကျုပ် ဘာလုပ် တယ်မှတ်သလဲ"

ဦးမင်းမောင်က မောင်ရန်ကင်းအား မေးလိုက်ပြန်၏။ အမှန် ကတော့ အဖြေကိုလို၍ မေးခြင်းထက် သူ့ခွက်မော့ချိန် ရအောင်မေးခြင်း ဟု ပြောလျှင်လည်း မှားမည်မထင်ပါပေ။ သူက အရက်ကို ဆော်ဒါနှင့် မရော။ ရေနှင့်ရော၍ သောက်လေသည်။ မောင်ရန်ကင်းကတော့ ကြက်သီးထမိလေသည်။

"ကနေ့မနက်တော့ ကျုပ်သမီးဆီကိုသွားတယ်လေ။ သူက ကျုပ်ကို ငွေငါးကျပ်ပေးလိုက်ပြီး ကျုပ်မိန်းမဆီကို ပြန်ခိုင်းတယ်။ ပေးလိုက်တဲ့ ငွေငါးကျပ်တော့ သောက်လို့ကုန်ပြီ။ သူပြောတဲ့အတိုင်း ကျုပ်မိန်းမဆီ ပြန်ရုံပဲရှိတော့တယ်။ ကျုပ်ပြန်မယ်။ ကျုပ်ဘာမဆို ရင်ဆိုင်ဝံ့တယ်။ ကျုပ်ဘဝဟာ ဘာဖြစ်ဖြစ် အရေးမကြီးတော့ဘူး"

သူက ဤသို့ပြောပြီး ထိုင်ရာမှ ဒယိမ်းဒယိုင် ထလိုက်လေသည်။ သူက ဤလူကြီးအား ကူညီရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဤလူကြီး၏ မိသားစုနှင့် တွေ့သိရလျှင် စိတ်ဝင်စားဖွယ်ရာကောင်းလှမည်ဟု မှတ်ယူ မိလေ၏။

သို့ဖြင့် မောင်ရန်ကင်းသည် အမူးသမားအား တွဲ၍ လိုက်လာမိနေ တော့၏။ သူ့အနေနှင့်မူ မှာယူခဲ့သော ဘရန်ဒီကို ကုန်အောင်သောက်မိ မသောက်မိပင် စဉ်းစားမရတော့ပါ။ သူ့ဘဝကို မေ့လျော့၍ ဦးမင်းမောင် ၏ဘဝတွင် အာရုံစူးစိုက်နေမိတော့၏။ ဦးမင်းမောင်ကား အပြင်ရောက် မှ ပို၍ မူးလာလေသည်။ တဖြည်းဖြည်း သူ့အပေါ်ပိလာပြီး ပြောစကား များမှာလည်း ဗလုံးဗထွေး ဖြစ်လာတော့၏။

ဗိုလ်ကလေးဈေး လမ်းထိပ်သို့ရောက်သောအခါတွင်ကား ဦးမင်းမောင်သည် ဇက်ကျိုးနေပြီး တစ်ချီတစ်ချီတွင် ကယောင်ကတမ်း အော်ဟစ်နေတော့၏။

"ကျုပ်မိန်းမကို ကျုပ်မကြောက်ပါဘူး။ သူဘာတတ်နိုင်မှာလဲ။

mgyoe.com

mgyoe.com


ကျုပ်ဆံပင်တွေကို ဆွဲရုံအပြင် ဘာတတ်နိုင်မှာလဲ။ ကျုပ်ကြောက်တာက ကလေးတွေ ငိုတာကိုဗျ။ မောင်ရင် မသိသေးဘူးနော်။ ထမင်းမစားရလို့ ငိုတဲ့ကလေးအသံဟာ သိပ်ကြောက်စရာကောင်းတယ်။ ငရဲသားအသံထက် ကြောက်စရာကောင်းတယ်"

နောက်ဆုံးတွင် သူတို့သည် ဗိုလ်ကလေးဈေးလမ်းထိပ်နားရှိ လေးထပ်တိုက်တစ်လုံးပေါ်သို့ ရှေ့တိုးနောက်ငင် တက်လျက်ရှိကြတော့၏။ ဆယ်မိနစ်လောက်တက်မှ လေးထပ်သို့ ရောက်ရှိကြပါသည်။ အချိန်မှာ ည ၁၀ နာရီခန့်ရှိပြီဖြစ်၍ အခန်းမီးများ ပိတ်ကုန်ကြပေပြီ။ တစ်တိုက်လုံး တိတ်ဆိတ်၍ မှောင်မည်းနေသည်။ သူတို့သည် လှေကားထိပ် အမှောင်ရိပ်တွင်ရပ်၍ တံခါးအဖွင့်ကို စောင့်နေကြသည်။

အမျိုးသမီးကြီးတစ်ဦးက တံခါးဖွင့်ပေးပါသည်။ တံခါးပွင့်သွားသည်နှင့်အမျှ အိမ်ထဲမှ အလင်းရောင်သည် သူတို့ထံသို့ ပြေးထွက်လာပါသည်။

တံခါးဖွင့်ပေးသူမှာ ဒေါ်ခင်တီပင်ဖြစ်ကြောင်း မောင်ရန်ကင်းက ခန့်မှန်းမိပါ၏။ အမျိုးသမီးကြီးသည် အရပ်မြင့်မြင့် သွယ်သွယ်လျလျနှင့် အတော်ကြီးပင် ကျက်သရေရှိပါသည်။ ဆံပင်များမှာ လကွယ်နေ့ညလို မည်းမှောင်၍ မျက်ခုံးမျက်လုံးတို့မှာ တောရိပ်တောတန်းလို ညို့ဆိုင်းနေပါသည်။ သို့ရာတွင် ဖြူလျှလျှနေသော နှုတ်ခမ်းအစုံကမူ သူမသည် ကျန်းမာရေးနှင့် မပြည့်စုံလှကြောင်းကို ဖော်ပြလျက်ရှိပါသည်။ မည်သို့ပင်ရှိစေကာမူ သူမသည် အသက် ၃၀ ထက် ကျော်သေးပုံမရသေးကြောင်းကိုကား မောင်ရန်ကင်းက ဝန်ခံရပေမည်။ အမျိုးသမီးသည် ပါးစပ်မှ မည်သည့်စကားမှ မပြောဆိုနိုင်သေးပါ။ ချောင်းတဟွတ်ဟွတ်ဆိုးလျက်ရှိပါသည်။ သို့ရာတွင် မျက်လုံးညိုညိုမှာတော့ အခိုးများ တငွေ့ငွေ့ထွက်လာနေပါပြီ။

ထိုအချိန်တွင် မောင်ရန်ကင်းက အတွင်းခန်းသို့ လှမ်းကြည့်လိုက်နိုင်သည်။ တစ်ခန်းလုံးတွင် ကုလားထိုင်နှစ်လုံးပဲ ရှိလေသည်။ ခြောက်နှစ်ရွယ် အငယ်ဆုံးမိန်းကလေးသည် နံရံကို ကျောတိုက်၍ ခွေခွေကလေးအိပ်ပျော်နေသည်။

ကလေးမ၏ဘေးတွင်တော့ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးခန့်

mgyoe.com

ပိုကြီးသော ယောကျ်ားကလေးတစ်ယောက်သည် ထိုင်၍ ရှိုက်ငင်နေပါသည်။ သူသည် မကြာခင်ကလေးကမှ အရိုက်အနှက်ခံထားရဟန် ရှိပါသည်။ ထိုမောင်နှမငယ်နှစ်ဦးဘေးတွင်မှ ၉-နှစ် ၁၁- ခန့်ရှိ မိန်းကလေးတစ်ဦး ကြောင်စီစီရပ်လျက်ရှိပါသည်။ ကလေးမသည် အင်္ကျီလက်တိုကလေးနှင့်ဖြစ်၍ တဆတ်ဆတ်တုန်ချမ်းနေပုံရပါသည်။

ဦးမင်းမောင်သည် မောင်ရန်ကင်း၏အတွဲကို မခံတော့ဘဲ နောက်သို့ကျုံ့ယုံ့သွားပါတော့သည်။ ထိုမျှသာမက နောက်မှနေ၍ မောင်ရန်ကင်းအား အခန်းတွင်းသို့ တွန်းသွင်းလျက်ရှိပါသည်။

"အော် . . . အော် . . . သူရဲကောင်းကြီး ပြန်လာပြီကိုး။ ဝင်ပါလေ။ ဘာလို့သူများကို အကာအကွယ်ယူနေရတာလဲဟင်။ သေနာကောင်ကြီး၊ ပိုက်ဆံတွေကုန်လာပြီ မဟုတ်လား"

ဒေါ်ခင်တီသည် မောင်ရန်ကင်း၏နောက်ကွယ်မှ ဦးမင်းမောင်အားလှမ်းဆွဲယူလိုက်ပြီး အင်္ကျီအိတ်ကို အပြင်မှပုတ်စမ်းကြည့်၏။

"တစ်ပြားမှ မရှိတော့ဘူး။ အကုန်လုံး အရည်တွေသောက်ပစ်လိုက်ပြီမဟုတ်လား။ ဟိုမှာကြည့်စမ်း။ ကလေးတွေကတော့ ခုချိန်ထိ ညစာထမင်းမစားရသေးလို့ ငိုနေကြတယ်။ ကျုပ်ကလည်း ဘာမှမတတ်နိုင်ဘူး။ ရိုက်ရုံပဲ တတ်နိုင်တယ်။ ကြည့်စမ်း ဟိုကောင်မဟာ ချမ်းလွန်းလို့တခိုက်ခိုက်တုန်နေပြီ။ တော်ကတော့ ဒီအရည်တွေပဲ မြိန်ရေရှက်ရေအပင်းသျှိုနေ။ ဟင်းပြောလိုက်ရ မကောင်းဘူး"

ဒေါ်ခင်တီသည် ခင်ပွန်းသည်ကို အခန်းလယ်သို့ ဆွဲခေါ်သွား၏။ မောင်ရန်ကင်းမှာလည်း နောက်မှ လိုက်ပါသွားမိသည်။ ထိုအခါကျမှ ဒေါ်ခင်တီသည် မောင်ရန်ကင်းအား သတိပြုမိပြီး

"ရှင်က သူ့အဆွေခင်ပွန်းကောင်းပေါ့ ဟုတ်လား။ ရှင်တို့ အတူတူသောက်လာကြတာပေါ့ ဟုတ်လား။ သွားပါ ရှင်သွားပါ"

မောင်ရန်ကင်းသည် တစ်ခွန်းတစ်ပါဒမျှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ ထိုအခန်းထဲမှ စိတ်ပျက်လက်ပျက် ထွက်ခွာခဲ့ပါသည်။

လူ့ဘဝဆိုသည်မှာ ဤပုံဤနည်းပဲလား။

*

mgyoe.com

mgyoe.com

## ၃။ ။ ရာဇဝင်ခင်းသော စာတစ်စောင်

နောက်တစ်နေ့မနက်တွင် သူသည် နေအတော်မြင့်မှ နိုးလေသည်။ သို့ရာတွင် အိပ်ရေးဝ၍ လန်းဆန်းခြင်းမျိုးကား အရိပ်အငွေ့မျှ မရှိပါချေ။ သူသည် မျက်စိနှစ်လုံး ပွင့်လာသည်နှင့်တစ်ပြိုင်နက် လောကကြီးကို သုန်မှုန်မိပါသည်။ သူ့အခန်းကို မုန်းတီးရွံရှာမိပါသည်။ အခန်းကလေးမှာ ခြောက်ပေပတ်လည်သာရှိ၍ သေတ္တာကြီးတစ်လုံးနှင့် တူသည်။ ဤအခန်းတွင်း၌ နေရခြင်းသည် မရှိဆင်းရဲခြင်း၏ သင်္ကေတဖြစ်ပေသည်။ အမိုးမှာလည်း ခပ်နိမ့်နိမ့်ဖြစ်၍ သူ့အရပ်နှင့်ဆိုလျှင် ကောင်းကောင်း မလွတ်ချင်ပါ။ မကြာခဏဆိုသလို အမိုးနှင့် ခေါင်းမဆောင့်မိပါသည်။ အမှန်အားဖြင့်တော့ သူက အထပ်ခိုးကျဉ်းကျဉ်းနိမ့်နိမ့်တွင် နေရခြင်းပါ။

တစ်ခန်းလုံးတွင် အိမ်ထောင်ပရိဘောဂများနှင့် ပြည့်ကျပ်လျက်ရှိပါသည်။ ကြိမ်ကုလားထိုင် သုံးလုံးရှိသည်။ ကြိမ်များမှာ စုတ်ပြတ်ပေါက်ပြဲလျက်ရှိ၏။ အခန်းထောင့်တွင် ဆေးသုတ်ထားသော စားပွဲတစ်လုံးရှိသည်။ စားပွဲပေါ်တွင် စာအုပ်တွေ ဖရိုဖရဲပုံလျက်ရှိသည်။ စာအုပ်ပုံတွင် ဖုန်အထပ်ထပ်တက်လျက်ရှိ၏။ ဤစာအုပ်များကို သူလက်ဖျားနှင့်မျှ မတို့သည်မှာ ကာလအတော်ကြာပြီ ဖြစ်ဟန်တူ၏။ ကွပ်ပစ်သာသာ ခုတင်တစ်လုံးသည် အခန်းတစ်ဝက်ကို ပြည့်စေသည်။ မောင်ရန်ကင်း၏ အိပ်ရာပင်ဖြစ်သည်။ မွေ့ရာညစ်ညစ်ပေါ်တွင် စောင်အပုံသားရှိနေ

mgyoe.com

သည်။ ခေါင်းအုံးတစ်လုံး အောက်တွင် ပုဆိုးနှင့်အင်္ကျီဟောင်းများ ခံခု ထားသည်ကို တွေ့မြင်နိုင်၏။

မောင်ရန်ကင်း ဤအခန်းသို့ရောက်ခါစကမူ တိုက်ရှင်မိန်းမကြီး သည် သူ့အား တက္ကသိုလ်ကျောင်းသားဟု အထင်တကြီးနှင့် အတော်ပင် အလေးပေးဂရုထားခဲ့ပါသည်။ သူ့အခန်းကို သပ်သပ်ရပ်ရပ် လည်းကျင်း၍ ပန်းအိုးကိုပင် အချိန်မှန်မှန်လဲလှယ်ထားပေးပါသည်။ သူမ၏ တူမ တစ်ဝမ်းကွဲ ညွန့်ညွန့်တင်ကိုလည်း သူ့အခန်းကို နေ့စဉ်ရှင်းလင်းပေးရန် ညွှန်ကြားထားပါသည်။ သူ့အတွက် အစားအသောက်များကိုလည်း ညွန့်ညွန့်တင်ပင် ယူလာပြင်ဆင်ကျွေးမွေးပါသည်။ ယခုတော့ သူက လခမှန်မှန် မပေးနိုင်တော့သဖြင့် အစားအသောက်လည်း မပေးတော့။ အခန်းကိုလည်း မရှင်းခိုင်းတော့။ ထိုမျှသာမက သူနှင့် မျက်နှာချင်းဆိုင် မိတိုင်း ကြွေးတပူပူတောင်း၍ ဤသေတ္တာခန်းကလေးမှ နှင်ချနေပါတော့ သည်။

သို့ရာတွင် ညွန့်ညွန့်တင်ကမူ သူ့အပေါ်တွင် သံယောဇဉ်ရှိနေပြီး အချိန်ရတိုင်း သူ့အခန်းကို လာရှင်းပေးတတ်ပါသည်။ သူကသာ ဒုက္ခမရှာရန် ပြောရသည်။ ထိုမျှသာမက အဒေါ်ဖြစ်သူအလစ်တွင် စားဖွယ်သောက်ဖွယ်များကိုလည်း သယ်ဆောင်လာတတ်ပါသည်။ ယနေ့ မနက်တွင် သူ့အား လာရောက်နှိုးသူမှာလည်း ညွန့်ညွန့်တင်ပင် ဖြစ်ချေ သည်။

"ထတော့လေ နေမြင့်လှပြီ။ ကိုးနာရီထိုးပြီးပြီ။ အစ်ကိုကြီးဖို့ ကျွန်မ ကော်ဖီယူလာတယ်"

မောင်ရန်ကင်းသည် မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါတွင် ညွန့်ညွန့်တင်ကို တွေ့ရ၍ ပြုံးလိုက်သည်။

"ကျေးဇူးပဲ မညွန့်တင်။ ဒါနဲ့ မညွန့်တင်အားရင် ကျွန်တော့်ဖို့ ဘန်းကိတ်နှစ်လုံးလောက် ဝယ်ပေးပါလား"

သူက အိတ်ထဲမှ ငါးမူးစေ့ကိုထုတ်၍ ပြောလိုက်သည်။ "ဘာလို့ဘန်း ကိတ်စားမလဲ။ ပေါင်မုန့် ပဲစားပေါ့။ အောက်ထပ်က ကုလားကြီးပေါင်မုန့် ကို ရှင်လည်း စားဖူးသားပဲ။ ပူပူနွေးနွေး ဘယ်လောက်ကောင်းသလဲ"

mgyoe.com

mgyoe.com


"ကောင်းတာသာ လုပ်ပါ"

မောင်ရန်ကင်း မျက်နှာသစ်မပြီးခင်မှာပင် ညွန့်ညွန့်တင်သည် ပေါင်မုန့်ဝယ်ပြီး ပြန်ရောက်လာသည်။ သူစားပွဲတွင်ထိုင်၍ ကော်ဖီနှင့် ပေါင်မုန့် တို့စားနေသောအခါတွင် ညွန့်ညွန့်တင်သည် ဘေးမှထိုင်၍ လေပန်းနေတော့သည်။ သူမသည် မြစ်ဝကျွန်းပေါ်ဘက်မှဖြစ်ပြီး အင်မတန် စကားကြောရှည်သည့် အမျိုးသမီးဖြစ်ပါသည်။

"ဒေါ်ဒေါ်ပွင့်က ရှင့်ကို ဂတ်တိုင်မလို့တဲ့"

"ဘာ ဘာလို့ တိုင်မှာလဲ"

"ရှင်က သူ့ပိုက်ဆံတွေ မပေးလို့ အခန်းက နှင်ချမလို့တဲ့"

"အော် အော် ဒါပဲလား"

"ဟုတ်တာပဲ ရှင်ကလည်း သူ့ပိုက်ဆံ ရှာပေးလိုက်ပါလား။ ဘာလို့ သူများအပြောအဆို ခံချင်ရတာလဲ။ ရှင်ဟာ ပညာလည်းတတ်သားပဲ။ တလောက ရှင်ကျောင်းတစ်ကျောင်းမှာ စာပြတယ်ဆို။ ခု အဲဒီကျောင်းမှာ ဆရာမလုပ်တော့ဘူးလား"

"ကျုပ် အလုပ်တစ်ခု လုပ်နေပါတယ်"

"ဘာအလုပ်လဲ"

"စဉ်းစားတယ်"

သူမက ခွက်ထိုးခွက်လန် ရယ်လိုက်ပါသည်။

"ရှင် စဉ်းစားလို့ ပိုက်ဆံရမှာလား"

"ပိုက်ဆံရမယ့်အလုပ်ကို စဉ်းစားယူရတာပေါ့"

"စာသင်တာ ပိုက်ဆံမရဘူးလား"

"နည်းတယ် မမှန်ဘူး"

"ရှင်က တစ်ချီတည်းချမ်းသာချင်သလား"

"ဟုတ်တယ်။ နို့မို့ရင် လူ့ဘဝဟာ ဘာအဓိပ္ပာယ်ရှိသေးသလဲ"

အမျိုးသမီးက သူ့စကားကို နားမလည်သလို ငေးကြည့်နေ၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်

"အော် ကျွန်မ မေ့နေတယ်။ မနေ့က ရှင့်ဖို့ စာတစ်စောင်လာတယ်"

"ဘယ်က စာလဲ"

mgyoe.com

mgyoe.com


"မပြောတတ်ဘူး။ ခေါင်းကပ်တာ မပြည့်လို့တောင် ကျွန်မ ဆယ်ပြားပေး ရွေးလိုက်ရတယ်"

"ဟုတ်လား။ ဒါဖြင့် ပေးစမ်းပါ အဲဒီစာ"

ညွန့်ညွန့်တင်သည် အခန်းထဲမှ ပြေးထွက်သွားပြီး ခဏအကြာတွင် စာတစ်စောင်ကို ယူလာပေးလေသည်။ သူ့မိခင်ထံမှစာ ဖြစ်လေသည်။ သူ့မိခင်ထံမှ စာမရသည်မှာ တစ်လကျော်ခဲ့လေပြီ။ ညွန့်ညွန့်တင်သည် အလိုက်သိစွာပင် စာကိုပေးပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားလေသည်။ သူမ ထွက်သွားသည်နှင့်တစ်ပြိုင်နက် သူက စာကိုဖောက်၍ ဖတ်လေသည်။ လက်ရေးသေးသေးစိတ်စိတ်ဖြင့် လျှောက်လွှာစာရွက် နှစ်ရွက် အပြည့်ရေးထားသော စာရှည်ကြီးတစ်စောင် ဖြစ်ပါသည်။

**မေမေ့ သား**

သားဆီကို မေမေစာမရေးခဲ့တာ နှစ်လနီးပါး ရှိသွားပြီ။ ဒါပေမဲ့ သားကို မေမေဘယ်လောက်ချစ်တယ်ဆိုတာတော့ သားအသိဆုံးပဲ။ သားဟာ မေမေနဲ့ ဒေးညိုရဲ့ အသည်းစွဲပဲ။ မျှော်လင့်အားထားရာပဲ။ တစ်ခုတည်းသော မဏ္ဍိုင်ပဲ။ ငါ့သား ငွေကြေးမပြည့်စုံလို့ ကျောင်းဆက်မတက်နိုင်ဘူးဆိုတာ မေမေ သိရတော့ တော်တော့်ကို စိတ်မကောင်းဖြစ်မိတယ်။ မေမေလည်း ကြံရက်ဖန်ရက်ပါပဲကွယ်။

အရင်တစ်ပတ်က သားဆီကိုပို့လိုက်တဲ့ပိုက်ဆံဟာလည်း ပွဲစားကြီး ဦးအံ့မောင်ဆီက ချေးပို့လိုက်တာပါပဲ။ အဲဒီ ဦးအံ့မောင်ဆိုတာကတော့ သားလည်း သိမလားပဲ။ မင်းဖေဖေရဲ့ မိတ်ဆွေဟောင်းပဲ။ စိတ်ကောင်းနှလုံးကောင်း ရှိရှာပါတယ်။ ရှေ့မှာဆိုရင်တော့ သားဆီကို ငွေမှန်မှန်ပို့နိုင်ပါတော့မယ်။ မေမေတို့ရှေ့ရေးဟာ အထူးကောင်းမွန်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးရဦးမယ်သား။ ဒါကြောင့် ငါ့သားမသိအောင် မေမေတို့ ဖုံးဖိထားခဲ့တဲ့ အကြောင်းတွေကိုလည်း အခုမှ ဖွင့်ပြောရတော့မယ်။

mgyoe.com

mgyoe.com


ဦးစောထွန်းတို့အိမ်မှာ ဒေးညို ဘာတွေဖြစ်သလဲလို့ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက ငါ့သား စာရေးမေးခဲ့သေးတယ် မဟုတ်လား။ အဲဒီတုန်းက မေမေ ဘယ်မှာအမှန်ကို ဖြေလို့ ဖြစ်မလဲကွယ်။ ဒီအကြောင်းတွေကို ငါ့သားကြားရရင် ရန်ကုန်က ဒုန်းစိုင်းပြေးလာမယ်ဆိုတာ မေမေသိတယ်။ ငါ့သား စိတ်ဓာတ်ကို မေမေ ကောင်းကောင်းသိတယ်။

ငါ့သားဟာ ဘယ်နည်းနဲ့မှ ကိုယ့်အစ်မတစ်ယောက် အစော်ကားခံရတာကို ငုံ့ခံနေမယ့် လူစားမျိုး မဟုတ်ဘူး။ မေမေ ကိုယ်တိုင်လည်း အတော်ကြီးကို စိတ်ပင်ပန်းဆင်းရဲခဲ့ရပါတယ်။

အဲဒီတုန်းကတော့ မေမေကိုယ်၌ကလည်း အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ဘူး။ ပြီးတော့ မင်းအစ်မက အလုပ်ဝင်စမှာ ငွေတစ်ရာ ကြိုယူခဲ့တယ်။ အဲဒါ လစဉ်မှန်မှန် အဖြတ်ခံနေရတယ်။ ဒါကြောင့် သူများငွေမကျေခင် ကမူးရှူးထိုး မလုပ်ဝံ့ဘူး။ ပြီးတော့ အဲဒီငွေတစ်ရာထဲက ငွေ ၆၀ ကို သားဆီကို အရေးတကြီး ပို့ပေးခဲ့ရတယ် မဟုတ်လား။ သားဟာ အဲဒီငွေမှ မရရင်လည်း လုံးလုံးမရပ်တည်နိုင်တော့ဘူး မဟုတ်လား။ အဲဒီတုန်းကလည်း ဒီငွေကို ဒေးညိုရဲ့ စုငွေထဲက ပို့ပေးခဲ့တယ်လို့ ညာပြောခဲ့တယ်။ အခုတော့ အခြေအနေတွေ ပြောင်းလဲသွားပြီမို့ သားကို အခြေအနေတွေကို ပြောပြနိုင်ပါပြီ။

မင်းအမေဟာ ဦးစောထွန်းရဲ့ကလေးတွေကို စာသင်ပေးရတာကတော့ ဘာမှအပန်းမကြီးပါဘူး။ ဒါပေမဲ့ ဦးစောထွန်းက ဆက်ဆံရေး သိပ်ရိုင်းတာပဲ။ သိပ်မောက်မာတာပဲ။ ဒါပေမဲ့ သူ့မိန်းမ ဒေါ်မေခင်ကတော့ အင်မတန် စိတ်ထားကောင်းရှာပါတယ်။

တကယ်တော့ ဒါတွေဟာ နောက်ပိုင်းကျတော့ ပြောင်းပြန်ဖြစ်ကုန်ကြတယ် သားရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဦးစောထွန်း

mgyoe.com

mgyoe.com

ဟာ အစကတည်းက ဒေးညိုကို မျက်စိကျနေခဲ့တာကိုး။ ဒါပေမဲ့ သူဟာ သူ့ဆန္ဒကို ကြမ်းတမ်းမောက်မာမှုနဲ့ ဖုံးကွယ်ထားခဲ့တယ်။

ဒါပေမဲ့ နောက်ဆုံးကျတော့ သူ့ရဲ့ရမ္မက်အာသာကို မဖုံးကွယ်နိုင်တော့ဘဲ ဒေးညိုကို ဖွင့်ပြောတော့တာပဲ။ အိမ်တစ်ဆောင် မီးတစ်ပြောင်ထားပါမယ်လို့ စကားကမ်းလှမ်းတော့တာပဲ။ ဒီအချိန်မှာ ဒေးညိုဟာ အလုပ်ကထွက်ချင်ပေမယ့် သူ့ငွေကျန်နေသေးတာနဲ့ အောင့်အည်းပြီး နေရရှာတယ်။ အမေ့ကိုတောင် ဒီအကြောင်း ဖွင့်မပြောရှာဘူး။ တစ်ယောက်တည်း ကြိတ်ပြီးရင်ဆိုင်ရှာတယ်။

တစ်နေ့ကျတော့ မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ပြီး လာတော့တယ်။ ဦးစောထွန်းဟာ ပန်းခြံထဲမှာ ဒေးညိုကို သွေးဆောင်နေတာကို ဒေါ်မေခင်က အမှတ်တမဲ့ သိသွားတယ်။ ဒီအခါမှာ ဒေါ်မေခင်ဟာ အဓိပ္ပာယ်တစ်မျိုး ကောက်သွားတယ်။ သူ့ယောကျ်ားဟာ ဒေးညိုကို အမြဲတမ်း မာရေကြောရေဆက်ဆံတာမို့ ဒီကိစ္စဟာ ဒေးညိုကသာ ညွတ်ကွင်းထောင်တာလို့ ထင်သွားတယ်။ ဒေါ်မေခင်ဟာ လင်စိတ်မွှန်ပြီး တစ်ခါတည်း ဒေးညိုကိုရိုက်နှက်ပြီး အိမ်က မောင်းချလိုက်တယ်။

အဲဒီနေ့ကစပြီး မေမေတို့ဟာ အရပ်ထဲမှာ ခေါင်းမဖော်ဝံ့တော့ဘူး။ အိမ်ထဲက အိမ်ပြင် မထွက်ဝံ့တော့ဘူး။ လူတွေကလည်း မေမေတို့ကို လက်ညှိုးထိုးပြီး အတင်းပြောမဆုံးဖြစ်နေကြတယ်။ ဒေါ်မေခင်ကလည်း ဒီသတင်းတွေကို တစ်အိမ်တက်ဆင်းလိုက်ပြီး ဝါဒဖြန့်နေတယ်။

မင်းအစ်မဟာလည်း မျက်ရည်နဲ့မျက်ခွက်ပေါ့။ မေမေလည်း ဘာမှမကြံတတ် မစည်တတ်ပေါ့။ သားကို အဲဒီအကြောင်း အသိပေးလို့ မဖြစ်ဘူးမဟုတ်လား။ တော်ပါသေးရဲ့ မေမေတို့ဟာ ဒီဝဋ်ကို ဒီလောက်ပဲ ခံလိုက်ရတယ်။

mgyoe.com

mgyoe.com


ဦးစောထွန်းဟာ စိတ်ပြောင်းသွားပြီး သူ့အပြစ် သူသတိရပြီး သူ့မိန်းမကို အဖြစ်မှန် ဖွင့်ပြောလိုက်တယ်။ အဲဒီပန်းခြံထဲမှာ ဖြစ်တဲ့နေ့မတိုင်ခင်က ဒေးညိုက ခါးခါးသီးသီး ရေးပြီးငြင်းတဲ့စာဟာ ဦးစောထွန်း လက်ထဲမှာ ရှိနေတယ်။

အဲဒီစာကို တွေ့ရတော့မှ ဒေါ်မေခင်လည်း မှားမှန်းသိရတော့တယ်။ သူဟာ ချက်ချင်းပဲ မေမေတို့ဆီလာပြီး တောင်းပန်ရှာတယ်။ ပြီးတော့ ဒေါ်မေခင်ဟာ သူကိုယ်တိုင်ပဲ မြို့ထဲကို ချက်ချင်းလှည့်လည်ပြီး အဖြစ်မှန်ကို ဖြေရှင်းရှာတယ်။ ဒေါ်မေခင်ဟာ တစ်နေ့သာမကဘူး။ တစ်ပတ်လောက်ကို မြို့ထဲကိုလျှောက်ပြီး ဒေးညိုရဲ့စာကို ဖတ်ပြရှာတယ်။ အမှန်ကတော့ ဒါလောက်တောင်ရှင်းဖို့ မလိုပါဘူး။ လူ့သတင်း လူချင်းဆောင်သွားတာပါ။ ဒါပေမဲ့ ဒါဟာ ဒေါ်မေခင်ရဲ့အကျင့်ပဲ။ သူဟာ ဒေးညိုရဲ့ဂုဏ်သိက္ခာကို အစွမ်းကုန် ပြန်ဆယ်ပေးရှာတာပဲ။

ဒီတော့မှ ဒေးညိုကို ဟိုအိမ် သည်အိမ်တွေက သူတို့ကလေးတွေကို ကျူရှင်ပေးဖို့ ခေါ်လိုက်ကြတာ မပြောပါနဲ့တော့။ ဒါပေမဲ့ ဒေးညိုက လက်မခံပါဘူး။ မေမေတို့ရဲ့ အခြေအနေဟာ ,တစ်မုဟုတ်ချင်းမှာ ပြောင်းလဲခဲ့ရပြန်တာပေါ့ သား ရယ်။

ဒါနဲ့ သားသိထားဖို့ တစ်ခုတော့ ပြောရဦးမယ်။ ဒေးညိုမှာ လက်ထပ်ဖို့ ကတိကဝတ်ပြုထားပြီးတဲ့ ချစ်သူတစ်ယောက်ရှိတယ်။ ဝတ်လုံတော်ရမင်း ဦးသန့်စင်တဲ့။ ဒေါ်မေခင်တို့နဲ့ ဆွေမျိုးမကင်းတော်တယ်။ ဒေါ်မေခင်ကလည်း သူတို့နှစ်ယောက်ကို သိပ်သဘောတူတယ်။ ဦးသန့်စင်ဟာ မင်းအစ်မထက်တော့ အသက်ကြီးတယ်။ အသက် ၄၀ ပြည့်တော့မယ်။ ဒါပေမဲ့ ရုပ်ရည်တင်ပြီး မိန်းကလေးတွေ တမ်းတမ်းစွဲမယ့် အရွယ်မျိုးပဲ။ သူဟာ စိတ်ကောင်းနှလုံးကောင်းလည်း ရှိပါတယ်။ တစ်ခုပဲ ရှိတယ်။ သူက နည်းနည်းတော့ ဘဝင်မြင့်

mgyoe.com

mgyoe.com


ချင်တယ်။ လူတိုင်းကို အဖက်တန်တယ်လို့ မထင်ဘူး။

သူဟာ ရန်ကုန်မြို့ ဘားလမ်းမှာ အလုပ်တိုက်ရှိတယ်လို့ ပြောတယ်။ သူ မကြာခင် ရန်ကုန်ပြန်လိမ့်မယ်။ ဒီမှာ အမှု တစ်ခုလာလိုက်တာ နိုင်တယ်။ သူဟာ မေမေ့သားကို အကူ အညီပေးပါလိမ့်မယ်။ သား ဘီအယ်လ်အောင်တဲ့အခါမှာ သူနဲ့ အမှုတွဲလိုက်ရင် အဆင်ပြေတာပေါ့။

သားမမတော့ သားအတွက် အတော်ကို စိတ်အေးနေ တယ်။ သူတို့လက်ထပ်ပြီးရင် သားကျောင်းစရိတ်ကို လုံလုံ လောက်လောက် ထောက်မယ်တဲ့။ သား စာမေးပွဲအောင်တဲ့ အခါမှာ သူ့ယောက်ျားနဲ့တွဲပြီး အလုပ်လုပ်စေမယ်တဲ့။ အမေ လည်း ဒေးညိုလိုပဲ အတွေးရှိပါတယ်။ ဦးသန့်စင်ဟာ စည်းစနစ်ကြီးပြီး လက်ဖွာတဲ့လူမဟုတ်ပေမယ့် ဒေးညိုရဲ့ ချုပ်ကိုင်မှုကိုတော့ လွန်ဆန်နိုင်မယ့်လူ မဟုတ်ပါဘူး။ သူဟာ ရန်ကုန်ရောက်ရောက်ချင်း သားကို လာတွေ့ပါလိမ့်မယ်။ သားကသာ အဆင်ပြေအောင် ဆက်ဆံပါ။

ဒေးညိုတို့သတင်းကို တစ်မြို့လုံးကသိပြီး ချီးကျူးနေကြ တယ်။ ပွဲစားကြီး ဦးအုံ့မောင်ကတောင် အရှည်ကိုမျှော်ပြီး မေမေတို့ကို ငွေနှစ်ရာချေးမယ်လို့ ပြောပါတယ်။ ဒီအထဲက သားဆီကို ငွေငါးဆယ် ပို့လိုက်မယ်။ ကျန်တဲ့ငွေကို စရိတ်လုပ် ပြီး မေမေတို့ ရန်ကုန်လိုက်ခဲ့မယ်။ ဦးသန့်စင်ကတော့ အရေး ကြီးတဲ့ကိစ္စရှိလို့ လေယာဉ်ပျံနဲ့ ပြန်လိမ့်မယ်။ လူချင်းတွေ့မှ တိုင်ပင်ဆွေးနွေးကြသေးတာပေါ့။

**သေတစ်ပန်သက်ဆုံး ချစ်သွားမယ့်**

**သားရဲ့ မေမေ**

မောင်ရန်ကင်းသည် မိခင်၏စာကိုဖတ်ရင်း မျက်ရည်တွေတွေ ကျခဲ့ရပါသည်။ သူသည် စာကိုဖတ်၍ ဆုံးသွားသည်နှင့်တစ်ပြိုင်နက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တစ်စုံတစ်ခုကို လေး

mgyoe.com

လေးနက်နက် စဉ်းစားနေ၏။ ခဏကြာတော့ တိုက်ပေါ်မှ ကသုတ်ကရုတ် ဆင်းသွားပြီး ခြေဦးတည့်ရာသို့ လျှောက်သွားလေတော့၏။ ပါးစပ်မှလည်း တစ်ယောက်တည်း စကားပြောသွားနေသဖြင့် လမ်းသွားလမ်းလာများက အရူးလား အမူးလားဟု ကြည့်ကြပါသည်။

မူးကား မမူးချေ။

*

mgyoe.com

mgyoe.com


## ၄။ ။ တစ်ယောက်တည်း စကားပြောသူ

မိခင်၏စာသည် သူ့အသည်းနှလုံးကို ယူကြုံးညှဥ်းပမ်းရာသာ ဖြစ်တော့၏။ 'ငါအသက် ရှင်နေသရွေ့တော့ ဒီလိုလက်ထပ်ခြင်းကို ခွင့်မပြုဘူး' သူက တစ်ယောက်တည်းပြော၏။ ဒီကိစ္စက ရှင်းနေတာပဲ။ ဒီအတွက်နဲ့တော့ ငါ့အစ်မ လက်မထပ်ရဘူး။ ပြီးတော့ ဘာဝတ်လုံလဲ။ မေမေတို့ကို တစ်ခါတည်း လေယာဥ်ပျံနဲ့ မခေါ်ခဲ့နိုင်ဘူးလား။ ဒါမှ မဟုတ် သူလည်း ရထားနဲ့လိုက်လာတော့ မိုင်းဖုံးထိသေသွားမှာမို့လား ဟင်။ တင်တင်စီးစီး နိုင်လိုက်တာ။

ငါဘီအယ်(လ်)အောင်ရင် သူနဲ့ ဘယ်တော့မှ တွဲမလုပ်ဘူး။ သူလို လူမျိုးတွေ ဝတ်လုံတော်ရဖြစ်နေရင် ငါဘယ်တော့မှ ရှေ့နေလုပ်မစား တော့ဘူး။ ငါ့အစ်မဟာ သူမချစ်တဲ့လူကို အမေနဲ့ ငါ့အတွက် ယူရတာ ဟာ သူ့ကိုယ်သူ ရောင်းစားရတာပဲ။ ဒီလိုဆိုရင် မနေ့ညက တွေ့ခဲ့တဲ့ ဦးမင်းမောင်ရဲ့သမီး စိုးစိုးနုနဲ့ ဘာထူးသေးသလဲ။ ဒီကိစ္စတွေမှာ မေတ္တာ သဘော လုံးဝမပါဘူး။ ငွေနဲ့ကာမ လဲရတာပဲ။ မဖြစ်ဘူး ငါတားရမယ်။ ငါ့အစ်မမင်္ဂလာဆောင်ကို ဖျက်ရမယ်။ ကောင်းပြီ ဒီလိုဆိုရင် ငါက မေမေနဲ့ မမတာဝန်ကို ယူနိုင်ရဲ့လား။

မောင်ရန်ကင်းသည် ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမသိပါ။ ပါးစပ် မှ တဖွဖွရေရွတ်ရင်း ဦးတည်ရာသို့ လျှောက်နေပါသည်။

"ငါ ဒီစာမေးပွဲ ဘယ်တော့ အောင်မလဲ။ ငါဘာအလုပ်ရမလဲ။ ငါ ဘယ်ကပိုက်ဆံရမလဲ။

mgyoe.com

mgyoe.com


သူက ဤနေရာသို့ရောက်သောအခါတွင် ရုတ်ခြည်း ရိုးတွင်းခြင်ဆိ စိမ့်သွားပါသည်။ သူက ယခုမှ မနေ့ကအကြံအစည်ကို ပြန်လည်၍ သတိရမိသည်။ ဤအခါတွင် သူ့တစ်ကိုယ်လုံး တုန်၍ ခေါင်းတစ်ခုလုံး တုန်သွားမိပါသည်။ သူ့ရှေ့တွင် မှောင်အတိကျသွားပါသည်။

သူက ယခုမှ လန့်ဖျပ်၍ ဘေးဘီကိုကြည့်မိပါသည်။ သူသည် ဗန္ဓုလ ပန်းခြံအနီးသို့ ရောက်လျက်ရှိပါသည်။ သူက ပန်းခြံထဲသို့ဝင်၍ သစ်ရိပ်ကောင်းကောင်း ခုံဟောင်းဟောင်းတွင် ထိုင်ရန်စိတ်ကူးလိုက်သည်။ သူလည်း ယခင်က ထိုင်ဖူးသော ငုပင်ရင်းသို့ ရှေးရှုသွားနေစဉ်တွင် သူ့ရှေ့ အလှမ်းနှစ်ဆယ်လောက်၍ အမျိုးသမီးတစ်ယောက် လျှောက်သွားနေသည်ကို သတိပြုမိ၏။

အမျိုးသမီးသည် သူ့ခေတ်နှင့်သူ ခေတ်စားနေသော ထမီနက် အင်္ကျီနက်ကို ဝတ်ဆင်ထားပါသည်။ သို့ရာတွင် ထမီနက်မှာ တွန့်ကြေ၍ အဆင်အသွေး မညက်ညောလှပါ။ အင်္ကျီအနက်ပါးပါးအောက်၌ကား ဘရာဇီယာသေးသေးရှိသည်ကို မြင်ရပါသည်။ ဆံပင်နီဖွာဖွာသည် အနက် ခြောက်ခြောက်ပေါ်တွင် ဝဲပျံလွင့်ကစားလျက်ရှိသည်။ ဖိနပ်မှာ ဒေါက်မြင့် အဖြူလက်ကိုင်အိတ်မှာ အဖြူ ခေါင်းတွင် ဘာမျှမပါပါ။ နေပူကြဲကြဲတွင် အေးဆေးစွာ လျှောက်လျက်ရှိပါသည်။ တင်လုံးလုံးဝိုင်းဝိုင်းသည် အနိမ့်အမြင့် ဆော့ကစားလျက်ရှိသည်။ အမျိုးသမီးသည် ယိမ်းတိယိမ်းတိမ်းဖြင့် လျှောက်နေသည်။ သူက နောက်မှ ခပ်သုတ်သုတ် လိုက်သွားရာ ငုပင်ရင်း အောက်ရောက်မှ မီလေသည်။ အမျိုးသမီးသည် သူထိုင်မည့် ခုံတစ်ဖက်စွန်းတွင် အားရပါးရ ပစ်ထိုင်ချလိုက်၏။

အမျိုးသမီးအား အနီးကပ်ကြည့်ရတော့မှ သူမသည် အရက်များ အလွန်အမင်း မူးနေကြောင်းကို သိရတော့၏။ သူမသည် ဇက်ကိုလှန်၍ ခေါင်းနှင့်သစ်ပင် မှီထားလိုက်သည်။ သူမ၏အရွယ်နှင့် မလိုက်သော ရင်သားများသည် ပြူးထွက်နေကြသည်။ မျက်နှာကလေးမှာလည်း သနားကမားဖြစ်ပါသည်။ သို့ရာတွင် သူမ၏အသက်သည် ၁၆ နှစ်ထက် ကြီးပုံလုံးဝမရပါ။

မောင်ရန်ကင်းသည် တစ်ဖက်တွင်ဝင်၍ မထိုင်ပါ။ သို့ရာတွင်

mgyoe.com

သူသည် သူမ၏အနီးမှ ထွက်ခွာမသွားနိုင်ဘဲ ရှိနေသည်။ သူမအား တွေ ဝေကာဖြင့် ငေးကြည့်နေမိသည်။ တရားလွှတ်တော်ချုပ် အဆောက် အအုံမှ နာရီကြီးသည် နေ့ခင်းနှစ်နာရီကို ညွှန်ပြနေသည်။ ပန်းခြံအလယ် မှ လွတ်လပ်ရေးကျောက်တိုင်ကြီးသည် ဆောင်းနေ၏အပူကို ထီးထီးခံ နေရသည်။

သူတို့နေရာမှ ၁၅ ကိုက်ခန့် ကွာဝေးသော နေရာတွင် လူကြီးတစ် ယောက် မတ်တတ်ရပ်လျက်ရှိသည်။ ထိုသူသည် အမျိုးသမီးအား ချောင်း မြောင်းနေသည့်ပုံသဏ္ဍာန်မျိုး ဖြစ်သည်။ ထိုသူသည် မောင်ရန်ကင်းအား စားမာန်ခုတ်သောမျက်နှာပေါက်ဖြင့် ကြည့်လျက်ရှိသည်။ မောင်ရန်ကင်း သည် ထိုသူရှိရာသို့ ဒေါနှင့်မောနှင့် လျှောက်သွားလေသည်။

"ဒီမှာ ခင်ဗျားကြီး ဘာလုပ်နေတာလဲ"

"ဘာကွ မင်းဘာပြောတာလဲ"

အဆိုပါလူကြီးသည် ရုတ်တရက် အံ့အားသင့်သွားဟန်ဖြင့် ပြန် ဟောက်လိုက်ပါသည်။

"ဘာမှ စကားရှည်မနေနဲ့ ခင်ဗျာ ဒီနေရာက ထွက်သွားပါ"

"အောင်မာ မင်းတယ်စော်ကားတဲ့ကောင်ပါလား"

လူကြီးလူကောင်းသည် လက်ထဲမှတုတ်ကောက်ကို မြှောက်လိုက် သည်။ အဆိုပါလူကြီးသည် သူ့နှစ်ကိုယ်စာခန့် ရှိသည်ဆိုသောအချက်ကို ပင် သတိမမူမိတော့ဘဲ မောင်ရန်ကင်းသည် လက်သီးကို ကျစ်ကျစ်ဆုပ် ၍ လူကြီးဆီသို့ ပြေးဝင်သွား၏။ သို့ရာတွင် သူ့အား နောက်မှ တစ်စုံတစ် ယောက်က လှမ်းဆွဲထားလိုက်၏။ လှည့်ကြည့်လိုက်သောအခါတွင် ရဲသား တစ်ယောက်ဖြစ်နေ၏။

"ဘယ်လိုဖြစ်ကြတာလဲ"

မောင်ရန်ကင်းသည် ရဲသားအား မြင်တွေ့လိုက်ရသောအခါတွင် အနည်းငယ် စိတ်သက်သာရာ ရသွားပုံရှိ၏။

"လာလာ ခင်ဗျားကို ကျုပ်ပြစရာတစ်ခုရှိတယ်"

သူက ရဲသား၏ လက်ကိုဆွဲ၍ အရက်မူးသမလေးဆီသို့ ခေါ်သွား လေသည်။

mgyoe.com

mgyoe.com

"ဒီမှာ ကြည့်စမ်း။ လူမှန်းမသိအောင် မူးနေတယ်။ သူဟာ ကျုပ်ရှေ့က လျှောက်လာပြီး ဒီနေရာမှာ ထိုင်ချလိုက်တာပဲ။ သူဘယ်သူလဲ သူဘယ်ကလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ သူ့ကိုကြည့်ရတာ ကြေးစားတစ်ယောက်တော့ ဖြစ်ပုံမရဘူး။ ကြည့်ရတာတော့ အရက်တွေ အလွန်အကျွံတိုက်ပြီး ပထမဆုံးအကြိမ် အဖျက်ဆီးခံရတာနဲ့ တူတယ်။ သူ့အဝတ်အစားတွေ ကပိုကရိုဖြစ်နေပုံ ကြည့်ရတာထောက်တော့ တစ်ယောက်ယောက်က ပြန်ဝတ်ပေးလိုက်တာနဲ့ တူတယ်။ သူကိုယ်တိုင်ဝတ်ထားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူများဆိုတာတောင် ယောကျ်ားတစ်ယောက်ယောက်က ဝတ်ပေးလိုက်ပုံမျိုးပဲ။ ဟိုမှာကြည့်စမ်း။ ဟောဟို တုတ်ကောက်ကြီးနဲ့လူကြီးဟာ ဒုက္ခရောက်လာတဲ့ မိန်းကလေးတစ်ဦးကို ကယ်တင်ဖို့ရာ မကြိုးစားဘဲ ထပ်နှစ်ဖို့ ကြောင်အိုကြီးလို ချောင်းနေတယ်။ ဒါကြောင့် ကျုပ်က သူ့ကို မောင်းထုတ်နေတာပဲ။ ကဲ ဒီတော့ ကျုပ်တို့ သူ့ကို အိမ်ပြန်ပို့ပေးလိုက်ရင် ကောင်းမယ်နဲ့တူတယ်။ ဒါမှမဟုတ် ဝက်ဘာဂေဟာ ပို့ပေးလိုက်ပေါ့"

ရဲသားသည် အမျိုးသမီးအနီးသို့ ချဉ်းကပ်၍ လေ့လာအကဲခတ်ကြည့်၏။ သူ့မျက်နှာတွင် ကြင်နာသည့်အရိပ်အယောင်များ ပေါ်လွင်လျက်ရှိသည်။ တုတ်ကောက်နှင့်လူကြီးလူကောင်းသည် အခြေအနေမလှတော့ပြီဖြစ်၍ ပြည်ထောင်စုဘဏ်ဘက်သို့ သုတ်ခြေတင်လစ်ပြေးလေတော့၏။

"ကောင်မကလေးက ငယ်ငယ်ကလေးပဲ ရှိသေးတာပဲ။ ဖြားယောင်းသွေးဆောင်မှုပဲ"

သူက ညည်းတွားလိုက်ပြီးနောက် မိန်းကလေး၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ

"ဒီမယ်ကလေးမ မင်းဘယ်မှာနေသလဲ"

အမျိုးသမီးသည် အိပ်ချင်မူးတူးမျက်လုံးကို ဖွင့်ကြည့်ပြီး လက်ကိုဝှေ့ရမ်း၍ပြ၏။

"ကဲ ဒီလိုလုပ် သုံးဘီးကားတစ်စင်းခေါ်ပြီး သူ့ကို ဘားလမ်းအချုပ်ခန်းပဲ ခေါ်သွားပေတော့။ အမူးပြေတော့မှ သူ့အိမ်ပြန်ပို့ချင်ပို့ ဝက်ဘာ

ပို့ချင်ပို့။ ခင်ဗျားတို့ သဘောပဲ။ ရော့ သုံးဘီးခ ငွေတစ်ကျပ်"

ရဲသားသည် သူ့အား ငွေတစ်ကျပ်ပေးနေသော ပေရေစုတ်ချာသည့် လူအား အတန်ကြာကြည့်နေပြီးနောက်

"သူ့ကို လမ်းပေါ်ရောက်အောင်တော့ ခင်ဗျားကိုယ်တိုင် တွဲပို့ဦးမှပေါ့" ဟု ဆိုသဖြင့် မောင်ရန်ကင်းသည် အမူးသမအား တွဲကာ ပလက်ဖောင်းပေါ်ရောက်အောင် ခေါ်သွားရ၏။ ထို့နောက် အသင့်တွေ့ ရှိသော သုံးဘီးကားတစ်စင်းပေါ်သို့ တင်ကာ လွှတ်လိုက်လေ၏။

"ဟင် ငါက သူရဲကောင်းလား။ မျိုးချစ်ပုဂ္ဂိုလ်ကြီးလား။ သူများဒုက္ခ တွေကို လိုက်ကူညီရအောင် ငွေတစ်ကျပ်တော့ သွားပြီ။ ငါကုသိုလ်ရ မလား။ ငါအမတ် ဖြစ်မလား။ ငါဘာတွေတွေးနေပြန်သလဲ။ ငါဘာလုပ် မလို့လဲ။ ငါဘယ်သွားမလို့လဲ"

သူက ယခုမှ အဖြစ်ကိုသတိရ၏။ သူက မိခင်၏စာကို ဖတ်ပြီး နောက် စိတ်ကူးပေါက်ပေါက်နှင့် ထွက်ခဲ့ရာ အနိဋ္ဌာရုံတစ်ခုကို တွေ့ရ၏။

"အော် ဟုတ်ပြီ။ ငါဇော်မင်းဆီသွားမလို့ပဲ။ ခုသွားမှပဲ" သူက ကား မှတ်တိုင်ရှိရာ ဆူးလေဘုရားလမ်းဘက်သို့ ထွက်ခဲ့လေသည်။ ကိုဇော်မင်း မှာ တက္ကသိုလ်တွင် တစ်တန်းတည်းနေခဲ့သော သူငယ်ချင်းဟောင်း တစ်ဦး ဖြစ်ပါသည်။ မောင်ရန်ကင်းသည် ရန်ကုန်တက္ကသိုလ်တွင် သူငယ်ချင်းဟူ၍ များများစားစား မရှိခဲ့ပါ။ သူက မည်သူ့အားမျှ အပေါင်းအဖော်မလုပ်ဘဲ မည်သူ၏ မိတ်ဆွေဖွဲ့မှုကိုလည်း မတုံ့ပြန်ခဲ့ပါ။ ထို့ကြောင့် နောက်ဆုံးတွင် သူ့အား ခေါ်မည့် ပြောမည့်သူများ မရှိတော့ ပါ။ သူသည် မည်သည့်အသင်း အဖွဲ့ကိုမျှ မဝင်ပါ။ သူသည် စီးပွားရေး ကျမ်းစာအုပ်များနှင့် နိုင်ငံရေးအဘိဓမ္မာများကို လေ့လာခဲ့သော်လည်း မည်သည့်ကျောင်းသားအဖွဲ့အစည်းတွင်မှ လက်တွေ့ပါဝင်ဆောင်ရွက် ခြင်း မရှိခဲ့ပါ။

ကိုဇော်မင်းကမူ ရန်ကုန်တက္ကသိုလ်တွင် အသိအကျွမ်း ပေါများလှ သူတစ်ဦးဖြစ်၏။ လူမျိုးမရွေး၊ လူတန်းစားမရွေး၊ စရိုက်မရွေးကို သင့်မြတ်အောင် ပေါင်းသင်းတတ်သူ ဖြစ်၏။ ထို့ကြောင့် အပေါင်းရကြပ် သော မောင်ရန်ကင်းနှင့်လည်း ခင်မင်ခဲ့ခြင်း ဖြစ်ပါသည်။ မောင်ရန်ကင်း

mgyoe.com

mgyoe.com

နှင့်ပတ်သက်၍ နောက်ပိုင်းတွင်း ကိုဇော်မင်းလေ့လာသိရှိရသည်မှာ သူသည် ပင်ကိုစရိုက်ကြောင့် တစ်ကိုယ်တည်းနေခြင်း၊ ဆင်းရဲနွမ်းပါးခြင်းကြောင့် သိမ်ငယ်ကာ အပေါင်းအသင်းများကို ရှောင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကိုဇော်မင်းသည် မောင်ရန်ကင်းကို တတ်နိုင်သမျှ လူ့အဖွဲ့အစည်းထဲသို့ တွန်းပို့ပါသည်။ သို့ဖြင့် အသိအကျွမ်းအတော်အတန်ရှိလာခြင်း ဖြစ်ပါ သည်။

မောင်ရန်ကင်းသည် ကိုဇော်မင်းအား ခင်မင်ချစ်ခင်ရုံသာမက ကြည်ညိုလေးစားခြင်းလည်း ရှိလေသည်။ ကိုဇော်မင်းသည် သူ့လိုပင် ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသူတစ်ဦး ဖြစ်လေသည်။ ကိုဇော်မင်းသည် အားကစားသမားတစ်ဦးဖြစ်သလို တယောထိုးကောင်းသူတစ်ယောက်လည်း ဖြစ်ပါသည်။ ကိုဇော်မင်း၏ အထူးခြားဆုံး အရည်အချင်းတစ်ခုကတော့ စိတ်မပျက်တတ်ခြင်းပင် ဖြစ်ပါသည်။ သူသည် အင်မတန်ဇွဲနပဲကြီးသူတစ်ဦး ဖြစ်လေသည်။ သူ ယုံကြည်မြတ်နိုးရာကို စွဲစွဲလမ်းလမ်းရှိသူတစ်ဦး ဖြစ်သည်။ အဆင်းရဲ အနွံတာလည်း အင်ပတန်ခံနိုင်၏။

သူနှင့် ကိုဇော်မင်း မတွေ့ခဲ့ကြသည်မှာ လေးလကြာခဲ့ပေပြီ။

*

mgyoe.com

mgyoe.com

## ၅။ ။ ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုများ

သို့ရာတွင် သူသည် ကားမှတ်တိုင်သို့ရောက်သောအခါတွင်မူ ကိုဇော်မင်းထံသို့ နောက်တစ်နေ့မှ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ အကြောင်းမှာ သူသည် ကိုဇော်မင်းထံ မည်သည့်အတွက်ကြောင့် သွားမည်နည်းဟု ရေရေရာရာ မသိရှိသောကြောင့် ဖြစ်ပါသည်။ မသကာ ကိုဇော်မင်းက သူ့တွင်ရှိသောငွေထဲမှ ထမင်းဖိုး ခွဲဝေပေးပေလိမ့်မည်။ ဤအတွက်တော့ သူက မသွားချင်ပါ။ သူက ဘီအေ အောင်မြင်ပြီးပြီဖြစ်သော်လည်း ကိုဇော်မင်းကမူ ကျောင်းသားတပ်ဦးခေါင်းဆောင်တစ်ဦး ဖြစ်၍ အဖမ်းခံခဲ့ရသဖြင့် စာမေးပွဲတစ်နှစ် မဖြေလိုက်ရပါ။ သူက ယခုမှ ဘီအေ နောက်ဆုံးနှစ် ဖြစ်ပါသည်။

ကိုဇော်မင်းမှာလည်း သူ့လိုပင် မရှိဆင်းရဲသူ၏ သားသမီးဖြစ်ပါသည်။ သို့ရာတွင် ကိုဇော်မင်းသည် အားလျော့စိတ်ပျက်ခြင်း အလျဉ်းမရှိဘဲ ကိုယ့်ဝမ်းကိုယ်ကျောင်းကာ ကျောင်းနေရသူတစ်ဦးဖြစ်ပါသည်။ ဤကြားထဲတွင် ကျောင်းသားလူငယ်လှုပ်ရှားမှုများကို ပါဝင်ခေါင်းဆောင်မှု ပေးလိုက်ချေသေးသည်။ ထို့ကြောင့် သူလိုလွတ်နေသူတစ်ဦးက အများအတွက် ဆောင်ရွက်နေသူတစ်ဦးထံမှ မရှိမဲ့ရှိမဲ့ကို ခွဲဝေယူရခြင်းသည် တရားနည်းလမ်းလည်း မကျရှက်စရာလည်း ကောင်းပေသည်။

ထို့ကြောင့် သူက ကိုဇော်မင်းထံ လေးလလောက် မရောက်ဘဲ ရှိနေခဲ့ပါသည်။ ယနေ့သည် ကားမှတ်တိုင်ရောက်မှ စိတ်ပြောင်းလိုက်သည်။

mgyoe.com

mgyoe.com


မောင်ရန်ကင်းသည် တစ်ဖန် မကျေမနပ်နှင့် လမ်းလျှောက်နေပြန်တော့သည်။ နောက်တစ်နာရီခန့်ကြာသောအခါတွင် သူသည် ဗိုလ်ချုပ်ဈေးထဲသို့ရောက်ရှိနေသည်ကို တွေ့ရှိရ၏။ တက္ကသိုလ်သမဝါယမရှေ့သို့ရောက်သောအခါတွင် သူသည် ခြေလှမ်းတုံ့၍ သွားပါသည်။

သူ့ရှေ့မလှမ်းမကမ်းတွင် လူသုံးယောက် စကားပြောလျက်ရှိသည်။ အပေါင်ခံအဘွားကြီး၏ညီမနှင့် သူမ၏အသိ လင်မယားနှစ်ယောက်ဖြစ်ပါသည်။ အဘွားကြီး၏ ညီမမှာ အသက် ၃၅ နှစ်ခန့်မျှသာ ရှိသေးပြီး အတော်ပင် စိုပြည်လှပါသေးသည်။ သို့ရာတွင် ဒေါ်ခင်လှဇင်သည် အရွယ်ရှိသေးသော်လည်း နောက်အိမ်ထောင်ကျရန်ကား မလွယ်တော့ပါချေ။ အကြောင်းမူ အစ်မဖြစ်သူက တင်းတင်းကျပ်ကျပ်ကွပ်ကဲပညတ်ထားသောကြောင့် ဖြစ်ပါသည်။

"ဘယ့်နှယ်လဲ မနက်ဖြန်ည လာမယ်မဟုတ်လား"

မိတ်ဆွေ အမျိုးသမီးက ဒေါ်ခင်လှဇင်အား မေးလျက်ရှိလေသည်။

"ဘာလဲ ခင်ဗျားအစ်မက ဆူမှာကြောက်နေလို့လား"

"မဟုတ်ပါဘူး။ ကျွန်မတစ်ယောက်တည်း လာရမှာမို့ စဉ်းစားနေတာပါ"

"အမယ်လေးရှင် ရန်ကုန်မြို့ကြီးမှာ ကြောက်စရာ မရှိပါဘူး။ စောစောလာပြီး စောစောပြန်ပေါ့။ ခြောက်နာရီလောက် လာပေါ့။ ရှင့်အစ်မကလည်း ဘုရားကိုးဆူသွားတာလောက်တော့ ပြောမှာမဟုတ်ပါဘူး။ သူလိုက်ချင်လည်း ခေါ်ခဲ့ပေါ့"

"အမယ်လေး သူတော့ လိုက်မှာမဟုတ်ဘူး။ သူက သေတောင်ဒီတိုက်မှာ ဥစ္စာစောင့်မကြီးဖြစ်နေမှာ"

"အံ့ရောရှင် ရှင်တို့ညီအစ်မဟာ အရင်းလည်း မဟုတ်ဘဲနဲ့ ဒါလောက် ကြောက်ရတာ အရင်းများသာဆိုရင် အသက်ရှူဝံ့မှာကို မဟုတ်တော့ဘူး။ နှစ်ဝမ်းကွဲပေလို့သာပဲ"

"ကျွန်မ လာခဲ့မယ်လေ။ ခြောက်နာရီ ဟုတ်လား"

"အင်း အင်း ဆက်ဆက်လာခဲ့ စောင့်နေမယ်"

မောင်ရန်ကင်းသည် ဤစကားများကို ကြားရသောအခါတွင်

mgyoe.com

mgyoe.com

ကြက်သီးမွေးညင်း ထလာမိလေသည်။ မနေ့က သူသွားခဲ့သော အပေါင်ခံ အဘွားကြီး၏ ညီမလည်းဖြစ်သော တစ်ဦးတည်းသော အဖော်လည်းဖြစ် သော ဒေါ်ခင်လှဇင်သည် မနက်ဖြန်ည ၆ နာရီတွင် ဘုရားကိုးဆူသို့ သွားပေလိမ့်မည်။ ထို့ကြောင့် ငွေတိုးချေးသော အဘွားကြီးသည် အခန်း တွင် တစ်ယောက်တည်း ရှိပေလိမ့်မည်။ မျက်နှာချင်းဆိုင်အခန်းမှ ကုလားများလည်း ပြောင်းသွားကြလေပြီ။ သူ၏ တစ်ညလုံးလုံး အကြံ ထုတ်ခဲ့သော စိမ်ကိန်းအတွက်မူ အခြေအနေပေးလျက် ရှိပေပြီ။

သူမျှော်လင့်စောင့်စားခဲ့သော ကာလသို့ ရောက်လာခဲ့ပေပြီ။

သို့ရာတွင် သူသည် သေဒဏ်ပေးခဲ့ရသူတစ်ဦးပမာ လေးတွဲ့စွာနှင့် သူ့အခန်းသို့ ပြန်လျှောက်လာခဲ့ပါသည်။

သူ၏ခေါင်းထဲတွင် အတွေးပင်လယ် ဝေနေပြီး ဆုံးဖြတ်ချက်ကား ဝဲကတော့ လှည့်လျက်ရှိပါသည်။

သူသည် ဘာတစ်ခုကိုမျှ ပြတ်ပြတ်သားသား မသတ်မှတ်နိုင်သေး ပါ။

မနက်ဖြန်ည ၆ နာရီတွင် အဘွားကြီးတစ်ယောက်တည်းသာ ရှိမည် ဆိုလေရဲ့။

*

mgyoe.com

mgyoe.com


## ၆။ ။ ရဲတင်းတစ်လက် ခိုးယူခြင်း

မောင်ရန်ကင်းသည် သူ၏အခန်းသို့ ပြန်ရောက်သောအခါတွင် ခုတင်ပေါ်သို့ အားရပါးရ ပစ်လှဲချလိုက်လေသည်။ ထို့နောက် တစ်နာရီနီးပါးမျှ အမိုးမျက်နှာကြက်ကို ငေးမောကြည့်နေမိသည်။ အချိန်မှာ မှောင်စပျိုးလာပေပြီ။ ယခင်ကဆိုလျှင် သူ့အခန်းတွင် ဓာတ်မီးတစ်ပွင့်ရှိလေသည်။ သို့ရာတွင် လွန်ခဲ့သည့်အပတ်ကမူ တိုက်ရှင်အဒေါ်ကြီးသည် မီတာခအဆစ် အကုန်မခံနိုင်ဟုဆိုကာ မီးဖြတ်လိုက်လေသည်။ ထို့ကြောင့် သူသည် ဖယောင်းတိုင်၏ အလင်းရောင်ဖျော့ဖျော့ကိုသာ အားထားနေရပါသည်။

ယနေ့ညအဖို့မူ ဖယောင်းတိုင်လည်း ကုန်နေပါသည်။ သို့ရာတွင် သူသည် မီးထွန်းရန်လည်း စိတ်မကူးမိပါချေ။ သူ့အဖို့ အလင်းရောင်လည်း မလိုပါချေ။ သူသည် အမှောင်နှင့်မည်းမည်းဝယ် သစ်တုံးကြီးပမာ လျောင်းလျက် ရှိပါသည်။ သူ့အနေနှင့် မည်သည့်အရာများကို တွေးတောနေမိကြောင်း အမှတ်မရပါ။ သူ၏ အတွေးများသည် ကပေါက်တိက ပေါက်ချာဖြစ်ပြီး ဆုံးဖြတ်ချက်ကိုမူ တစ်ခုမှ ကျမလာပါချေ။

သို့ဖြင့် သူသည် အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားလေသည်။ သူသည် တစ်ရေးမနိုး၊ အိပ်မက်မမက်နှင့် အိပ်မောရှည်ကြီး ကျသွားပါသည်။ နောက် တစ်နေ့မနက် ဆယ်နာရီထိုးလောက်တွင် ညွှန့်ညွှန့်တင် ရောက်ရှိလာပြီး သူ့အား မနည်းကြီးနိုးယူရလေသည်။ သူမက ကော်ဖီတစ်ခွက်နှင့် မုန့်ကြွပ် နှစ်ခု တစ်ပါတည်း ယူဆောင်ခဲ့လေသည်။

mgyoe.com

mgyoe.com


"ဘယ်လိုများအိပ်တဲ့ လူကြီးလည်း မသိပါဘူး။ ကာလနဂါးနဲ့ ဆွေမျိုး များတော်သလားပဲ"

သူက အိပ်ရာမှ လူးလဲထပြီး ဘယ်စောင်း ညာစောင်းနှင့် အညောင်း ဆန့်လိုက်၏။ ထို့နောက် အိပ်ရာပေါ်တွင် ပြန်လှဲလိုက်လေသည်။

"ဘုရားရေ ရှင်ပြန်အိပ်ဦးမလို့လား။ ဘာလဲ နေမကောင်းဘူးလား"

ညွန့်ညွန့်တင်က အပူအပန်နှင့် မေးလိုက်၏။ သူက ဘာမျှပြန်မဖြေ။

"ကော်ဖီခါးခါးလေး မသောက်ဘူးလား"

"နောက်မှသောက်မယ်"

သူက ထိုသို့ပြောပြီး မျက်လုံးကိုမှိတ်ကာ တစ်ဖက်နံရံဘက်သို့ လှည့်သွားသည်။ ညွန့်ညွန့်တင်က ခုတင်ဘေးမှရပ်၍ ကြည့်နေမိ၏။

"ဟုတ်ပါတယ်။ သူတကယ် နေမကောင်းတာနဲ့တူတယ်"

သူက ခပ်တိုးတိုးရေရွတ်ပြီး အခန်းထဲမှ ပြန်ထွက်သွားလေသည်။ နာရီပြန် နှစ်ချက်လောက်တွင် ညွန့်ညွန့်တင်သည် စွပ်ပြုတ်တစ်ပန်းကန် နှင့် ရောက်ရှိလာပြန်၏။ သူကား စောစောကအတိုင်း နံရံဘက်သို့လှည့်၍ လှဲလျောင်းဆဲပင် ရှိပါသည်။ ကော်ဖီပန်းကန်သည် နေရာမပျက် အေးစက် လျက်ရှိပါသည်။

"ဘယ်လိုလဲရှင့် ဦးသစ်တုံး။ ဒီဆောင်းမကုန်ခင် ထဦးမှာလား"

သူက ဆတ်ခနဲထ၍ ထိုင်လိုက်သည်။ သို့ရာတွင် ဘာမျှမပြော။ ကြမ်းပြင်ကိုသာ ငေးစိုက်ကြည့်နေပါသည်။ ညွန့်ညွန့်တင်က သူ့နဖူးကို အသာတည်င် စမ်းကြည့်၏။

"ကိုယ်လည်း မပူပါဘူး။ ရှင်ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေရင် အပြင် ထွက်ပြီး လေကောင်းလေသန့်ကလေး ရှူလိုက်ပါလား။ စွပ်ပြုတ်သောက် မယ် မဟုတ်လား"

"နောက်မှသောက်မယ်။ ကိစ္စရှိရင် သွားတော့"

သူက အမျိုးသမီးအား မသိမသာ နှင်လိုက်သည်။ သူမသည် ခေတ္တမျှ ရပ်နေသေးပြီးနောက် သူ့အား သနားစရာ သတ္တဝါတစ်ဦးပမာ ကြည့်ပြီး ပြန်ထွက်သွားလေသည်။

မိနစ်ပိုင်းအတန်ကြာမှ သူသည် ကော်ဖီအေး ခါးခါးနှင့် မုန့်ကြွပ်

mgyoe.com

mgyoe.com

ရော၊ စွပ်ပြုတ်ကိုရော အကုန်စားသောက်ပစ်လိုက်လေသည်။ သို့ရာတွင် အရသာတော့ ဖြစ်ဟန်မတူချေ။

ခေါင်းမူး၊ ခေါင်းဝေ၊ ခေါင်းကိုက်တော့ အတော်ကလေး သက်သာသွားပေပြီ။ သူက စားသောက်၍ ပြီးသောအခါတွင် ခုတင်ပေါ်တွင် တစ်ဖန် ပြန်၍လှဲလိုက်၏။ သို့ရာတွင် ဤတစ်ကြိမ်တွင်တော့ တ‌ေခါခါ မအိပ်တော့ပါ။ မျက်နှာကြက်ကိုလည်း ငေးမောကြည့်မနေပါ။ ခေါင်းအုံးပေါ်တွင် မျက်နှာအပ်၍ မှောက်ခုံကြီးဖြစ်ပါသည်။ နေ့ခင်း တစ်ရေးတွင်မှ အိပ်မက်များ ပေါက်ကရ လျှောက်မက်ပါသည်။ နေ့ခင်းကြောင်တောင် အိပ်မက်သည် ညသဘာဝအိပ်မက်ထက် အဆသိန်းသန်းပို၍ ချောက်ချားဖွယ်ရှိပါ သည်။ သူ့ခေါင်းထဲတွင် အိပ်မက်နှင့် စိတ်ကူးများ သတ်ပုတ်လုံးထွေးနေကြပြန်သည်။

ထိုစဉ်တွင် တစ်နေရာဆီမှ နာရီထိုးသံကို ကြားလိုက်ရသည်။ သူက ဝုန်းကနဲ ခုန်ထ၍ ပြတင်းပေါက်သို့ သွားကာ ပြင်ပကမ္ဘာကို ကြည့်မိသည်။ သွားသူသွား၍ လာသူလာနေကြပါသည်။ အတော်ကြီး နေစောင်းသွားပေပြီ။ သူက ယခုမှပင် လူတစ်ယောက်က ရေလောင်း၍ ချလိုက်သလို စင်စင်ကြယ်ကြယ်ကြီး နိုးလေတော့မည်။

သူသည် တံခါးပေါက်သို့ ခြေဖျားထောက်၍ သွားပါသည်။ တံခါးကို သူခိုးသူဝှက်လိုဖွင့်၍ လှေကားတစ်လျှောက်ကို နားစွင့်လိုက်ပါသည်။ သူ့ရင်သည် တုန်၍ ခုန်နေပါသည်။ သို့ရာတွင် လှေကားတစ်လျှောက်လုံး တိတ်ဆိတ်လျက်ရှိပါသည်။

သူ့အနေနှင့် ဤမျှ ကြာကြာညောင်းညောင်း မေ့မေ့လျော့လျော့ အိပ်နေခဲ့မိခြင်းသည်ပင် အံ့ဩစရာကောင်းလှပေသည်။ ယခုထက်ထိ ဘာတစ်ခုမျှ မပြင်ရ မဆင်ရသေး။

ယခုတော့ ငါးနာရီပင်ထိုး၍ နေပေပြီ။ ဒေါ်ခင်လှဇင်သည် ခြောက်နာရီထိုးလျှင် ဘုရားကိုးဆူသို့ သွားပေတော့မည်။ သူက ယခုမှ အရေးတကြီး သုတ်သီးသုတ်ပြာ ဖြစ်လာတော့သည်။ သို့ရာတွင် ပြင်စရာဆင်စရာကလည်း များများစားစား မရှိပါပေ။ သူက ဘာတစ်ခုကိုမျှ မမေ့မလျော့ မချွတ်ချော်စေရန် သတိကြီးစွာ ထားပါ၏။ သို့ရာတွင်
mgyoe.com

mgyoe.com

ရင်အုံတစ်ခုလုံးမှာမူ အသက်ရှူမရလောက်အောင်ပင် ခုန်လျက်ရှိပါသည်။

ပထမတွင် သူသည် ကုတ်အင်္ကျီအတွင်းဘက်တွင် ချိတ်တစ်ခု တပ်ဆင်ရန် ဖြစ်လေသည်။ ဒါက ခဏလေးလုပ်ရမည့် ကိစ္စဖြစ်လေသည်။ သူသည် ခေါင်းအုံးအောက်တွင် မွေ့ရာ့အောက်၌ ရှပ်အင်္ကျီစုတ်တစ်ထည်ကို ရှာဖွေယူပါသည်။ ထိုအင်္ကျီစုတ်မှ အဝတ်စ ရှည်ရှည်တစ်ခု ရအောင် ဆုတ်ယူပါ သည်။ အနံ့လက်လေးသစ်၊ အလျားတစ်တောင်ခန့် ဖြစ်ပါသည်။ သူသည် ထိုအစကို နှစ်ထပ်ခေါက်၍ ကုတ်အင်္ကျီ ဘယ်ဘက် လက်မောင်းအတွင်းဘက်၌ ကပ်၍ချုပ်ပါသည်။ သူသည် အပ်ပေါက်ထိုးသောအခါတွင် လက်တွေ တုန်ယင်နေသည်ကို စိတ်ပျက်ဖွယ်ရာ တွေ့ရှိရ၏။ သို့ရာတွင် ခဲခဲယဉ်းယဉ်းနှင့်ပင် အပြင်မှမမြင်သာအောင် ချုပ်လုပ်ပြီး စီးသွားလေသည်။

ဤချိတ်ကို တပ်ဆင်ခြင်းမှာ ရဲတင်းကိုချိတ်ယူသွားရန်ပင် ဖြစ်ပါသည်။ ဤကိစ္စအတွက် အပ်နှင့်အပ်ချည်ကို သူဝယ်ထားသည်မှာလည်း ကာလအတန်ကြာလေပြီ။ ရဲတင်းကို လူမမြင်အောင် ဝှက်ယူသွားဖို့ အထူးလိုအပ်ပေသည်။ တစ်ဖန် ကုတ်အင်္ကျီအတွင်း၌ ရိုးရိုးထည့်သွားလျှင်လည်း အပြင်မှ လက်နှင့်ထိန်းပေးနေရပေမည်။ ထို့ကြောင့် သူက ဤအဝတ်တန်းချိတ်ကို တီထွင်တပ်ဆင်ရခြင်း ဖြစ်ပေသည်။ ယခုမှ ရဲတင်းသည်အထဲတွင် ပိပိကပ်ကပ်ချိတ်တွယ်လျက် ရှိပေတော့မည်။ ၎င်းပြင် ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍ စမ်းကြည့်လျှင်လည်း ရဲတင်းကို ကိုင်မိပေမည်။ ထို့ကြောင့် ရဲတင်းအတွက် ရပ်မနေနိုင်ပေ။ ကုတ်အင်္ကျီမှာ ပွယောင်းယောင်းဖြစ်၍အတွင်း၌ တစ်စုံတစ်ခု ဝှက်ယူလာကြောင်းကို မည်သူမျှ မရိပ်စားမိနိုင်ပါချေ။ ဤချိတ်ကို တပ်ဆင်နိုင်ရန်အတွက် လွန်ခဲ့သည့် နှစ်ပတ်လောက်ကတည်းက သူစိတ်ကူးထုတ်ခဲ့ရပေသည်။

သူသည် ကုတ်အင်္ကျီအတွင်းချိတ်ကို အသင့်ချုပ်လုပ်ပြီးသောအခါတွင် အိပ်ရာအောက်မှ အပေါင်ပစ္စည်းကို ထုတ်ယူလိုက်လေသည်။ ဤကိစ္စအတွက် ကာလအတန်ကြာကတည်းက သိမ်းဆည်းသိုဝှက်ထားခဲ့

mgyoe.com

သော ပစ္စည်းဖြစ်ပါသည်။ ဤအပေါင်ပစ္စည်းကား ငွေစီးကရက်ဝဘူး အရွယ် ချောမွတ်ညီညာအောင် ပြုလုပ်ထားသော သစ်သားပြားတစ်ခု သာလျှင် ဖြစ်ပါသည်။

သူသည် ဤကျွန်းသားကို တရုတ်လက်သမား ဆိုင်ရှေ့မှ ကောက်ယူ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ တစ်ဖန် သူသည် ထိုသစ်သားစပေါ်တွင် ဒန်ပြား တစ်ခုကို သပ်သပ်ရပ်ရပ် ကပ်၍တပ်လိုက်ပါသည်။ ထိုမှသာ တဒင်္ဂ အမြင်တွင် ထင်ယောင်ရိုးမှား ဖြစ်နိုင်ပေမည်။ လက်နှင့်ဆကြည့်ရာတွင် လည်း ပေါ့ပေါ့ပါးပါးမဖြစ်ဘဲ အတော်အတန် လေးလံနေသည်။ ထိုနောက် ထိုစီးကရက်ဘူးတုကို စက္ကူဖြူနှင့် အထပ်ထပ်ရစ်ပတ်လိုက်ပါ သည်။ သို့မှသာလျှင် အဘွားကြီးသည် အလွယ်တကူဖြင့် မကြည့်နိုင်မည် ဖြစ်ပါသည်။ ယင်းအခိုက်တွင် ခြောက်နာရီထိုးသံကို ကြားရပြန်တော့ သည်။

သူသည် တံခါးဆီသို့ သုတ်ခြေတင်၍သွားသည်။ နားစွင့်သည်။ ထို့နောက် လှေကားမှ ဖွဖွရွရွ ဆင်းသွားပါသည်။ ကြောင်တစ်ကောင်ပမာ ပေါ့ပါးစွာ ဖြစ်ပါသည်။ သူတွင် အရေးတကြီး လုပ်ဆောင်ရန်ကိစ္စ တစ်ရပ်ရှိပေသေးသည်။ မီးဖိုထဲမှ ရဲတင်းကို ခိုးယူရန် ဖြစ်ပါသည်။

သူ ဤတိုက်သို့ ရောက်ခါစက မီးဖိုထဲတွင် ရဲတင်းတစ်လက် ချိတ် ထားသည်ကို မြင်ခဲ့သည်။ မည်သို့အသုံးရှိမည်ကို မသိရှိခဲ့။ ညွှန့်ညွှန့်တင် လည်း ဤရဲတင်းနှင့် ထင်းခွဲဝံ့မည် မဟုတ်။ ပြီးတော့ သူတို့က ရေနံဆီမီးဖိုကို သုံးလေသည် မဟုတ်ပါလား။ သူမေးကြည့်တော့ ဖဲရှုံးသူ တစ်ဦးထံမှ အချောင်ဝယ်ထားလိုက်ခြင်းဟု သိရ၏။ ယခုတော့ သူ့အဖို့ အသုံးတည့်နေပြီ။ သူ့တွင် မောင်းချခားတစ်ချောင်း ရှိပါသည်။ သို့ရာတွင် သူ၏ ခွန်အားဗလနှင့်ဆိုလျှင် ရဲတင်းလောက်ကို အသုံးပြုမှ စိတ်ချရပေ မည်။

သူ့အနေနှင့် မီးဖိုထဲမှ ရဲတင်းကို ရယူရန် ခဲယဉ်းသောကိစ္စတစ်ရပ် မဟုတ်ပါ။ ညွှန့်ညွှန့်တင်သည် မီးဖိုထဲတွင် ဖင်နွေးအောင် နေတတ်သူ မဟုတ်ပေ။ ဟိုအခန်းသွား ဒီဆိုင်သွားနှင့် ခြေများလှသူ ဖြစ်ပေသည်။ ဤအတွက် သူမ၏ ဒေါ်ဒေါ်ကလည်း မကြာခဏ ဆူခဲ့လေသည်။ သူက

mgyoe.com

mgyoe.com


ညွှန့်ညွှန့်တင်မရှိခိုက်တွင် ရဲတင်းကို တိတ်တဆိတ်ယူ၍ နောက်တစ်နာရီ ခန့်အကြာတွင် (ကိစ္စအားလုံးပြီးစီးသော အခါတွင်) အမှုမဲ့ အမှတ်မဲ့ ပြန် ထားလိုက်ရုံပဲရှိသည်။ ဤသည်တို့မှာ အသေးအဖွဲ့များသာ ဖြစ်ပါသည်။ အဖျားအနားများ ဖြစ်ပါသည်။

တိုက်ရှင်မိန်းမကြီး၏ အခန်းရှေ့သို့ရောက်သောအခါတွင် တံခါး သည် မဟ တဟကလေး ပွင့်နေသည်ကို တွေ့ရ၏။ အတွင်းတွင် ညွှန့်ညွှန့် တင် ရှိမရှိ မသိရ။ အသံတော့ မကြားရ။ သူက တွန်းဖွင့်ရမည်ကို မရဲ ဘဲ ဖြစ်နေသည်။ ညွှန့်ညွှန့်တင်နှင့် တွေ့လျှင်တော့ အရေးမကြီး၊ ရဲတင်း မရရုံသာ ရှိမည်။ တိုက်ရှင်နှင့် ပက်ပင်းပါတိုးနေလျှင်တော့ အခက်ပဲ ဖြစ်၏။ ချောက်ပဲဖြစ်၏။ သို့ရာတွင် သူသည် ဤမျှမကပင် စွန့်စားရဦး မည်ဖြစ်၍ စိတ်ကိုတင်းကာ တံခါးကို အသာတွန်းဖွင့်လိုက်သည်။

မီးဖိုထဲတွင် မည်သူမျှမရှိ။ သို့ရာတွင် မီးဖိုနှင့်ဆက်လျက်အခန်းတွင် ညွှန့်ညွှန့်တင် ရေချိုးနေသည်ကို စေ့ထားသောတံခါးကြားမှ မြင်ရသည်။ သူမသည် ဆပ်ပြာတိုက်နေသည်ဖြစ်၍ ရေသံမကြားရခြင်း ဖြစ်ပါသည်။ သူမသည် ဘေးတိုက်အနေအထားတွင် ရှိနေသော်လည်း ဝါဝင်းသော ပေါင်အတွင်းသားများကို ဂရုတစိုက် ကြေးချွတ်နေသည်ဖြစ်၍ သူ့ကို ဂရုပြုမိဟန် မတူ။ ညွှန့်ညွှန့်တင်၏ ပေါင်တံများသည် ဤမျှပြည့်ဖြိုးလိမ့် မည်ဟု သူတစ်ကြိမ်မျှ မထင်ခဲ့။ သို့ရာတွင် သူသည် ဖောင်းအိသော ရင်သားအပိုင်းနှင့် စင်းချောသော ခြေသလုံးသားကို ကြည့်နေရမည့် အချိန်မဟုတ်။ သူက ရဲတင်းကို ကပျာကယာ ကုတ်အင်္ကျီအတွင်းရှိ စောစောက ပြုလုပ်ထားသော ချိတ်တွင် ချိတ်လိုက်သည်။

ထိုနောက် ခြေသံမကြားအောင် အခန်းထဲမှ ပြန်ထွက်လာသည်။ သူ လှေကားထိပ်သို့ရောက်သောအခါတွင် အတွင်းမှ ခြေသံကြားရသည်။ သူသည် လမ်းပေါ်သို့ရောက်ရှိသောအခါတွင်ကား အချိန်နည်းနေပြီ ဖြစ်သော်လည်း အလျင်စလို မလျှောက်ပါ။ အေးအေးသက်သာပင် လျှောက်သွားနေပါသည်။ တစ်ပါးသူများ မသင်္ကာစေနိုင်သည့်အချက် များကို တတ်နိုင်သမျှ ရှောင်ရှားပါသည်။

သူ နားလည်ထားသည့် အချက်နှစ်ချက်မှာ ရာဇဝတ်မှု မကျူးလွန်

mgyoe.com

mgyoe.com

ခင်တွင် လူမသက်မရှိစေနှင့်။ ကျူးလွန်ပြီးသောအခါတွင် မတုန်လှုပ် မချောက်ချားနှင့်ဟူ၍ ဖြစ်ပါသည်။

ယခုအထိတော့ အရာရာသည် သူ့အဖို့ အဆင်ပြေလျက်ရှိ၏။ စောစောကမူ ဤအချိန်တွင် သူအင်မတန် ကြောက်လန့်နေလိမ့်မည်ဟု ထင်ခဲ့သည်။ သို့ရာတွင် ယခုမူ ဤမျှလောက် မဟုတ်။ ကျောင်းစာများကို ပင် ထည့်သွင်းစဉ်းစားနိုင်ပေသည်။ သို့ရာတွင် သူသွားရမည့်နေရာနှင့် တဖြည်းဖြည်းနီးလာသောအခါတွင်ကား ရင်တုန်စပြုလာပါသည်။ ရင်ဘတ်နှင့် ကုတ်အကျီကြားရှိ ရဲတင်းသည် သူ့နှလုံးသားအား လာ၍ ထိရှနေသည်ဟု ထင်မိ၏။ သူလှေကားပေါ်သို့တက်သွားသည်ကို မည်သူ မျှ ဂရုပြုလိုက်ကြပုံ မရပါချေ။

`သူသည် အသက်ကို ထိန်းချုပ်၍ရှူရင်း လှေကားကို ဖြည်းညင်းစွာ တက်ရောက်ခဲ့ပါသည်။ မျက်လုံးကို မှောင်ထဲသို့ အစွမ်းကုန်ပြူးကြည့်၍ နားကို အပါးလှစ်ဆုံး စွင့်ထောင်ထားပါသည်။ ရဲတင်းကိုလည်း လှေကား တစ်ထစ်တက်မိတိုင်း လက်ဖြင့်စမ်းသပ်ကြည့်မိပါသည်။ သို့ရာတွင် လှေကားပေါ်၌ အဆင်းအသက် လုံးဝမရှိပါချေ။ ဒုတိယထပ်နှင့် တတိယ ထပ်ရှိ တံခါးအားလုံးသည် ပိတ်ထားကြပါသည်။ ရန်ကုန်မြို့အလယ်သည် ညအခါတွင် တံခါးဖွင့်ထားတတ်သော အရပ်မဟုတ်ပါချေ။

လေးထပ်သို့ ရောက်သွားသည့်အခါတွင်ကား တစ်ဖက်ခန်းတွင် လူတစ်ယောက်မျှမရှိ။ တစ်ဖက်ခန်းတွင်ကား အဘွားကြီးတစ်ယောက် တည်းသာရှိသည်ဟူသော အသိက မပြတ်နှိုးဆော်လျက်ရှိပါသည်။ အဘွားကြီး အခန်းအောက်တည့်တည့်ရှိ တတိယထပ်မှ အခန်းသည် လည်း လူမရှိဘဲဖြစ်နေကြောင်း သူက တက်လာရင်းဖြင့် သိရှိရပါသည်။

"ငါ ပြန်မှန်တုံ့ပါတယ်" သို့ရာတွင် ဤအတွေးကို လက်တွေ့မဖြေ ကြားဘဲ အဘွားကြီး၏အခန်းတံခါးကိုကပ်၍ နားထောင်ကြည့်လိုက် သည်။ ပကတိ တိတ်ဆိတ်နေသည်။ တစ်ဖန် လှေကားတစ်လျှောက်ကို နားထောင်ကြည့်ပြန်သည်။ မည်သည့်အသံဗလံမျှ ထွက်ပေါ်မလာပါ။ ထိုအခါတွင်မှ သူ့ကိုယ်သူ နောက်ဆုံးအကြိမ်အဖြစ်နှင့် ပြန်လည်ကြည့်ရှု မိပြန်သည်။ ပုဆိုး ကို ပြင်ဝတ်၍ ကုတ်အကျီကို ဆွဲဆန့်သည်။ ရဲတင်းကို
mgyoe.com

mgyoe.com


နေသားကျမကျ စမ်းကြည့်သည်။ "ငါ့မျက်နှာသွေးဆုတ်နေသလား" သူက ပူပန်မိသည်။ "ငါ ခဏစောင့်ဦးမှနဲ့ တူတယ်။ ငါ့ရင်ခုန်သံ သိပ်မြည်နေတယ်။ အဘွားကြီးက မယုံသင်္ကာကြီးတတ်ပါဘိနဲ့"

သို့ရာတွင် သူသည် ဤအတိုင်းလည်း ကြာရှည်စွာ ရပ်နေနိုင်လိမ့်မည် မဟုတ်၍ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ပါတော့သည်။ မိနစ်ဝက်ခန့်ကြာသောအခါတွင် တစ်ကြိမ်ထပ်၍ ခပ်ရှည်ရှည်ကြာကြာ နှိပ်လိုက်သည်။

အတွင်းမှ ထူးသံမကြားရ။ ခြေသံဖွဖွပင် မကြားရ။ ခေါင်းလောင်းခလုတ်ကို နှိပ်နေ၍တော့ အကျိုးထူးပေမည် မဟုတ်။ အခန်းတွင်း၌ အဘွားကြီးရှိသည်ကတော့ သေချာပေသည်။ သို့ရာတွင် အဘွားကြီးသည် အချိန်မတော်ကြီးတွင် တံခါးဖွင့်ပေးလိမ့်မည် မဟုတ်ပေ။

သို့ရာတွင် သူသည် အောက်သို့ပြန်မဆင်းခင် တံခါးနားကပ်၍ နားစွင့်လိုက်သောအခါတွင်ကား အတွင်းဘက် ခပ်လှုမ်းလှုမ်းဆီမှ အသံသဲ့သဲ့ ကြားမိပေသည်။ ခဏအကြာတွင် တံခါးဆီသို့လာနေသော ခြေသံတလျှပ်လျှပ်နှင့် ထမီခပ်သံကို ကြားရသည်။ အဘွားကြီးသည် တံခါးဆီသို့ တိုးတိုးတိတ်တိတ် ချဉ်းကပ်လာလျက် ရှိပေပြီ။ အဘွားကြီးသည်လည်း အတွင်းဘက်မှနေ၍ တံခါးကို နားနှင့်ကပ်၍ နားစွင့်နေပုံရပါသည်။ သူသည် တိတ်တဆိတ် ချဉ်းကပ်ချောင်းမြောင်းနေသူနှင့် မတူစေရန် ချောင်းတစ်ချက်ဟန့်လိုက်ပြီး လျှပ်စစ်ခလုတ်ကလေးကို တတိယအကြိမ် အဖြစ်နှင့် နှိပ်လိုက်ပါသည်။ ထိုနောက် စိတ်မရှည်စွာနှင့် အလောတကြီး စောင့်ဆိုင်းနေမိပါသည်။

နှစ်ခဏသုံးခဏအတွင်းမှာပင် အထဲမှ ကန့်လန့်ဖြုတ်သံကို ကြားရပါတော့သည်။

*

mgyoe.com

mgyoe.com


## ၇။ ။ ကာယကံမြောက် ကျူးလွန်ခြင်း

ယခင်တစ်ခေါက်ကလိုပင် တံခါးသည် လက်နှစ်လုံးသုံးလုံးစာမျှသာ ပွင့်လာပြီး သက်ာမကင်းသော မျက်လုံးအစုံသည် အမှောင်ထဲမှ ပြူထွက်ကြည့်နေပါသည်။ ထိုအခိုက်တွင် သူသည် ကြိုတင်အကွက်ချလာသည်များကို သတိလက်လွတ်သွားပြီး အမှားတစ်ခုကို ကျူးလွန်လိုက်မိပါသည်။ ဤအဘွားကြီးသည် ဣန္ဒြေပျက်နေသောသူအား တွေ့ရှိသွားပြီး သူတို့နှစ်ဦးတည်းသာရှိသည့်အဖြစ်ကို သိရှိသွားလျှင် တံခါးပြန်ပိတ်သွားမည်စိုးရိမ်သဖြင့် အတင်းတိုးဝင်လိုက်မိပါသည်။ သူ၏တိုးခွေ့မှုကြောင့် အဘွားကြီးသည် အနည်းငယ်ပင် နာကျင်သွားပုံရသွားပြီး အတော်လည်း အထိတ်တလန့် ရှိသွားပုံရ၏။

မောင်ရန်ကင်းက ယခုမှ စိတ်အေးသွားသည့်အလား တံခါးကို ကျောနှင့်မှီကပ်ထားလိုက်လေသည်။

"နေကောင်းလား အဘွား။ ကျွန်တော် တစ်နေ့ကပြောသွားတဲ့ ပစ္စည်းယူလာခဲ့တယ်။ လာပါ မီးရောင်မှာ ထိုင်ကြပါဦးစို့"

သူက လေသံမှန်ရန် ကြိုးစား၍ပြောသော်လည်း ပါးစပ်မှထွက်လာသောအသံသည် ကွဲအက်၍ တုန်နေပါသည်။ ထိုနောက် ဘာမပြောညာမပြောနှင့် အခန်းအလယ်သို့ လျှောက်သွားပါသည်။ ထိုအခါ အဘွားကြီးသည် နောက်မှ ပြေးလိုက်လာပါသည်။

"နေပါဦး မောင်ရင်က ဘယ်သူလဲ။ ဘာလုပ်ဖို့လာတာလဲ။ ဘာကိစ္စရှိလို့လဲ။ ဘာလုပ်ချင်လို့လဲ"

mgyoe.com

mgyoe.com

"မောင်ရန်ကင်းလေ အဘွား။ ကျွန်တော့်ကို မမှတ်မိဘူးလား။ တစ်နေ့ကပဲ နာရီတစ်လုံး လာပေါင်သွားသေးတယ်လေ။ အခုလည်း အဲဒီနေ့က ပြောသွားတဲ့ ပစ္စည်းကို ယူလာတာလေ"

သူက ပြောပြောဆိုဆို အပေါင်ပစ္စည်းကို လှမ်းပေးလိုက်လေသည်။ အဘွားကြီးသည် အပေါင်ပစ္စည်းကို ခေတ္တမျှ ငုံ့စောင်းကြည့်ပြီးနောက် မဖိတ်ခေါ်သောဧည့်သည်၏ မျက်လုံးစုံကို စိုက်၍ကြည့်နေပါသည်။ အဘွားကြီး၏ ကြည့်ပုံမှာ မျက်တောင်မခတ် သတိမပြတ်နှင့် သံသယကြီးမားလှပါသည်။ တစ်မိနစ်ခန့်ကြာသောအခါတွင်ကား လျှို့ဝှက်မှုအားလုံးအား သူ့မျက်လုံးထဲတွင် အဘွားကြီး တွေ့ရှိသွားလေပြီလားဟု သူက ထင်မှတ်မိလိုက်သည်။ တစိမ့်စိမ့်နှင့် သူက ကြောက်၍လာပါသည်။ ဤအတိုင်းသာ အဘွားကြီးက နောက်ထပ် မိနစ်ဝက်ခန့် ဆက်ကြည့်နေမည်ဆိုလျှင် သူ ထွက်ပြေးမိတော့မည်မှာ အမှန်ပင်ဖြစ်၏။

"ကျွန်တော့်ကို ဒါလောက်တောင် စူးစူးဝါးဝါးကြည့်နေတာ မမှတ်မိလို့ပဲလား။ ဒီပစ္စည်းကိုကြိုက်ရင် အပေါင်ခံ၊ မကြိုက်ရင် တခြားသွားပေါင်ရမယ်"

သူစိတ်ကူးလာစဉ်က ဤစကားများပြောရန်မဟုတ်။ နဖူးတွေ့ဒူးတွေ့ကျမှ အလိုလိုပြောမိသွားခြင်း ဖြစ်ပါသည်။ အဘွားကြီးသည် ခုမှ ပြန်လည် အသက်ဝင်လာပုံ ရပါသည်။ အပေါင်လာသူ၏ ခပ်ပြတ်ပြတ်စကားကို ကြားရတော့မှ အနည်းငယ် ယုံကြည်စိတ်ချသွားပုံရပါသည်။

"နေပါဦးလေ။ ဒါလောက်ပဲ လောကြီးနေသလား။ ဘာပစ္စည်းလဲ ကြည့်ပါရစေဦး"

အဘွားကြီးက အပေါင်ပစ္စည်းကိုကြည့်ရင်း ပြောလေသည်။

"အရင်တစ်ခေါက်တုန်းက ကျွန်တော်ပြောသွားတဲ့ ငွေစီးကရက်ဘူးလေ"

အဘွားကြီးက လက်ကိုဆန့်တန်းလိုက်ရင်း ပြောပြန်သည်မှာ

"နေပါဦး။ မင်းကိုကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ လက်တွေတုန်လို့။ ဘာဖြစ်လို့လဲ။ ရေလည်း ချိုးလာသလား"

"နေမကောင်းလို့။ ဖျားလို့ အစာမရှိလို့"

mgyoe.com

သူက တစ်လျှောက်တည်း ပြောချလိုက်၏။ သူသည် တစ်ဆင့်ထက် တစ်ဆင့် အမူအရာ ပျက်လာနေပေပြီ။ သို့ရာတွင် သူ၏အဖြေသည် ဆီလျော်ခိုင်လုံလှသဖြင့် အဘွားကြီးသည် အပေါင်ပစ္စည်းကို လှမ်းယူလိုက်လေသည်။

"ဘာပစ္စည်းလဲ"

အဘွားကြီးသည် အထုပ်ကို လက်ထဲတွင် ဆ၍ကြည့်ရင်း တစ်ကြိမ် ထပ်မေးလိုက်ပြန်သည်။

"ဟိုဒင်းလေ။ စီးကရက်ဘူး ငွေ ဖွင့်ကြည့်လေ"

"ငွေနဲ့လည်း မတူပါဘူး။ ဘယ်လိုလုပ်ပြီး ထုပ်ထားတာလဲ"

အဘွားကြီးသည် အထုပ်ကို ဖြေရင်းနှင့် ထင်းထင်းလင်းလင်းမြင်နိုင်ရန် ပြတင်းပေါက်ဘက်သို့ လျှောက်သွားလေသည်။ စက္ကန့်အတန်ကြာအောင် အဘွားကြီးသည် သူ့အား ကျောပေးလျက် ရပ်နေလေသည်။ သူက ကုတ်အင်္ကျီကြယ်သီးများကို ဖြုတ်လိုက်ပြီး ရဲတင်းကိုလည်း အဝတ်ချိတ်မှ နုတ်လိုက်လေသည်။ သို့ရာတွင် အပြင်ဘက်သို့ကား ဆွဲမထုတ်သေးချေ။ သူ့လက်များသည် အားမရှိဘဲ ဖြစ်နေသည်။ လက်များသည် အေးစက်၍ ထုံကျဉ်နေ၏။ အသွေးအသားမဟုတ်သည့် သစ်သားချောင်းကြီးတစ်ခုဟုပင် သူက ထင်မိသည်။ လက်ထဲမှ ရဲတင်းလွတ်ကျသွားမည်ကိုပင် သူက စိုးရိမ်ထိတ်လန့်၍ နေမိသည်။

"ဟောတော့ ဒါဘာကြီးလဲ။ ဘယ်လိုများလဲ"

အဘွားကြီးက တအံ့တသြ ရေရွတ်လိုက်ပြီး သူ့ဘက်ကို လှည့်လိုက်လေသည်။ သူ့တွင် တွေဝေငေးငိုင်နေစရာ အချိန်မရှိတော့ပါ။

သူသည် ရဲတင်းကိုဆွဲယူလိုက်ပြီး လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အဘွားကြီး၏ ငယ်ထိပ်တည့်တည့်ဆီသို့ အနှောင့်ဘက်မှနေ၍ ရိုက်ချလိုက်လေတော့သည်။ အဘွားကြီးသည် အသံအုပ်အုပ်သာ အော်နိုင်ပြီး ကြမ်းပေါ်သို့ လဲကျသွားတော့လေ၏။ အဘွားကြီး၏ လက်နှစ်ဖက်သည် ခေါင်းဆီသို့ ဆန့်ငင်ဆန့်ငင်နှင့် ရောက်ရှိလာလေသည်။

လက်တစ်ဖက်တွင်ကား အပေါင်ပစ္စည်းကို ဆုပ်ကိုင်လျက်သား ရှိပါသည်။ သူသည် ရဲတင်းအနှောင့်ဖြင့်ပင် စောစောကနေရာကို ဆင့်ကာ

mgyoe.com

mgyoe.com


ဆင့်ကာ ရိုက်ချနေတော့၏။ ရေအိုးတစ်လုံးကွဲသွားသလို သွေးများသည် သွန်၍ထွက်လာပါသည်။

ထိုအခါမှ သူသည် နောက်သို့တစ်လှမ်းဆုတ်၍ အဘွားကြီးကို ငုံ့ကြည့်လေသည်။ ပွဲချင်းပြီး သေလေပြီ။ အဘွားကြီး၏ မျက်လုံးနှစ်လုံးသည် ကျွတ်ထွက်တော့မတတ်ရှိနေသည်။ မျက်နှာပြင်တစ်ခုလုံး ရှုံ့တွလိမ်တွန့်၍ နေပါသည်။

သူသည် ရဲတင်းကို အလောင်းဘေးတွင်ချ၍ အဘွားကြီး၏ အိတ်ကို နှိုက်စမ်းပါသည်။ သွေးများမပေကျံ မစွန်းအောင်တော့ အထူးသတိထားပါသည်။ အပေါ်အင်္ကျီ ညာဘက်အိတ်ထဲမှာပင် သော့တွဲကို တွေ့ရှိရလေသည်။ သူ၏ ခေါင်းသည် ယခုအခါတွင် မူးနောက်ရီဝေ၍ မနေတော့ပါချေ။ ဘာပြီးလျှင် ဘာလုပ်ရမည်ကို အစီအစဉ်ကျကျ သိရှိနေပါသည်။ သို့ရာတွင် လက်များကတော့ တုန်မြဲတုန်လျက် ရှိပါသည်။

သူသည် သော့တွဲကိုယူ၍ အတွင်းခန်းထဲသို့ ပြေးဝင်သွားပါသည်။ အိမ်ခန်းထဲသို့ ပြေးဝင်သွားပါသည်။ အိပ်ခန်းကလေးမှာ ခပ်ကျဉ်းကျဉ်းပင် ဖြစ်ပါသည်။ သို့ရာတွင် အင်မတန်သန့်ပြန့်၍ အိပ်ရာသည် ဖွေးဖွေးဖြူနေပါသည်။ ခြေရင်းဘက်နံရံတွင်ကား အံဆွဲအဆင့်ဆင့်ရှိသော ဗီရိုတစ်လုံး ရှိလေသည်။

သူက အချိန်ဖြုန်းမနေတော့ဘဲ ဗီရိုအံဆွဲများကို စတင်၍ သော့ဖွင့်နေချေသည်။ သော့သံ တချွင်ချွင်သည် သူ့အား ခြောက်လှန့်လျက်ရှိလေသည်။ သူက သော့တွဲကိုပစ်ချ၍ ထွက်ပြေးရန်ပင် စိတ်ကူးမိသည်။

သို့ရာတွင် သူ့အနေနှင့် ယခု အခြေကျမှတော့ နောက်ဆုတ်၍ မဖြစ်ပါတော့ချေ။ အစစအရာရာသည် လက်လွန်ကုန်ပေပြီ။ ဖြုန်းခနဲ သူ့ခေါင်းထဲသို့ အခြားအတွေတစ်ခုက ဝင်ရောက်ခြောက်လှန့်ပြန်လေသည်။ ထိုသည်ကား အဘွားကြီးမသေသေးဘဲ ရှိနေမည့်အကြောင်းပင် ဖြစ်လေသည်။ ထို့ကြောင့် သူသည် အိမ်ရှေ့ခန်းကို တစ်ဖန်ပြေးထွက်သွားပြီး ရဲတင်းကိုမြှောက်၍ ရွယ်လိုက်၏။ သို့ရာတွင် လွှဲရိုက်ချခြင်းကား မပြုတော့ပါချေ။ အဘွားကြီး သေနေပြီမှာ လုံးဝသံသယရှိဖွယ် မလိုပါပေ။ သူက ငုံ့၍ အနီးကပ် စစ်ဆေးကြည့်သောအခါတွင် ခေါင်းနှစ်ခြမ်းကွဲနေ

mgyoe.com

mgyoe.com


ပြီး တစ်ခြမ်းမှာ ကြေမွ၍ပင် နေလေပြီ။ သူက လက်နှင့်စမ်းကြည့်ဦးမည် ဟုပင် ရွယ်လိုက်ပြီးမှ လက်ကို ပြန်ရုတ်လိုက်လေသည်။ စမ်းမကြည့်ဘဲ နှင့် အတွင်းကြေကြေနေပြီကို သိသာလှပါသည်။

ယင်းအခိုက်တွင် အဘွားကြီး၏ လည်ပင်း၌ ကြိုးတစ်ချောင်းရှိနေ သည်ကို သူက သတိပြုမိလိုက်၏။ သူက ကြိုးကိုဖြုတ်ယူရန် ကြိုးစားကြည့် ရာ မရဘဲရှိ၏။ ကြိုးမှာ အတော်ပင် ခိုင်ခန့်ပြီး သွေးများစွန်းထင်း၍ လည်း စေးထန်းနေ၏။ သူက ကြိုးစကို ရှေ့ပိုင်းမှ ဆွဲထုတ်ကြည့်သော အခါတွင်လည်း တစ်စုံတစ်ခုနှင့် ထစ်နေသည်ကို တွေ့ရ၏။

သူက အကြံရ၍ ရဲတင်းဖြင့် ကြိုးကို ဖြတ်လိုက်သည်။ ပြီးနောက် ဆွဲထုတ်ယူလိုက်သောအခါတွင်ကား သူထင်သည့်အတိုင်းပင် ပိုက်ဆံ အိတ်တစ်ခု ဖြစ်နေပါသည်။ ပိုက်ဆံအိတ်မှာ ပြည့်ဖောင်းလျက်ရှိပါသည်။ မောင်ရန်ကင်းသည် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်မနေတော့ဘဲ အကျႌအိတ် ထဲသို့ ထည့်လိုက်၏။ ထိုနောက် အိမ်ခန်းတွင်းသို့ ပြန်ပြေးဝင်သွား သည်။ ဤတစ်ကြိမ်တွင်မူ သူနှင့်အတူ ရဲတင်းကို ယူဆောင်သွားလေသည်။

သူသည် သုတ်တီးသုတ်ပြာနိုင်လျက်ရှိချေပြီ။ သူက သော့တွဲများကို ထုတ်၍ အံဆွဲများကို ဖွင့်နေပြန်တော့သည်။ သို့ရာတွင် ဖွင့်မရဘဲ ရှိနေ ၏။ သော့ပေါက်နှင့်သော့သည် တစ်ခုမျှ အံမကျ။ ထိုအခါကျမှ သူသည် သော့တွဲထဲမှ အထစ်သုံးထစ်ရှိသော သော့ကြီးတစ်ချောင်းကို သတိပြုမိ လာလေသည်။ ဤသော့သည် ဗီရိုသော့ လုံးဝမဖြစ်နိုင်ကြောင်းကို အရင် တစ်ခေါက်ကတည်းက သူတွက်ဆခဲ့ပြီး ဖြစ်ပါသည်။ မီးခံသေတ္တာသော့ သာ ဖြစ်ရပေမည်။ အဖိုးတန်ပစ္စည်းမှန်သမျှလည်း ထိုမီးခံသေတ္တာထဲ တွင်သာ ရှိရပေမည်။

မီးခံသေတ္တာကို ခုတင်အောက်မှာပင် အလွယ်တကူ ရှာဖွေတွေ့ရှိ ၏။ သို့ရာတွင် သံမဏိသေတ္တာ အထူစားကြီးတစ်လုံးဖြစ်သည်ကိုသာ တွေ့ရှိရ၏။ အလျားသုံးပေခန့် ရှိလေသည်။ သုံးထစ်သော့ကြီးဖြင့် အလွယ်တကူပင် ဖွင့်၍ ရရှိလေသည်။ အပေါ်ဆုံးတွင် ဘရိုကိတ်ထမိ အနီတစ်ထည်။ ထို့နောက် စိန်ကတ္တီပါ၊ ပိုးပဝါ စသည်ဖြင့် အဝတ်များ အထပ်ထပ်ရှိသည်ကို တွေ့ရ၏။ သို့ဖြင့် သေတ္တာထဲတွင် အဝတ်များသာ

mgyoe.com

mgyoe.com


ရှိပုံရနေတော့၏။ သူက လက်တွင်ပေကျံနေသော သွေးများကို ဘရိ ကိတ်စဖြင့် သုတ်ပစ်နေသည်။ အနီတွင် အနီသည် မသိသာနိုင်ဟု သူက တွက်ဆ၍ ဖြစ်ပါသည်။ ခဏကြာမှ "အော် ငါရူးနေသလား။ သွေးကို ဒါလောက်လွယ်လွယ်ကလေး ဖျောက်ဖျက်ပစ်နိုင်မှဖြင့်"

ထို့နောက် သူက အဝတ်များကို ကသုတ်ကရုတ် ဆွဲလှန်လိုက်သော အခါတွင် အောက်ပိုင်း၌ ရွှေထည်ငွေထည်ပစ္စည်းများကို တွေ့ရှိရပါတော့ ၏။ အားလုံးပင် အပေါင်ပစ္စည်းများ ဖြစ်ပေမည်။ တချို့သာလျှင် အပေါင်ဆုံးများ ဖြစ်၍ တချို့မှာမူ ပြန်ရွေးမည့်ပစ္စည်းများ ဖြစ်ပေမည်။ လက်ကောက်၊ ဆွဲကြိုး၊ နားကပ်၊ ဆံထိုး စသည်ဖြင့် အမျိုးစုံပါသည်။ အချို့မှာ သေတ္တာလေးများတွင် အကျအနထည့်၍ အချို့မှာ သတင်းစာ စက္ကူဖြင့် ပတ်ထုပ်ထားပါသည်။ သူက အချိန်ကုန်ခံမနေတော့ဘဲ ပစ္စည်း များကို အိတ်များအတွင်းသို့ သိမ်းကျုံး၍ ထည့်နေပါတော့၏။ သို့ရာတွင် များများ စားစားယူနေရန်ကား သူ့တွင် အချိန်မရှိပါပေ။

ရုတ်တရက်ဆိုသလိုပင် အိမ်ရှေ့ခန်းမှ ခြေသံကြားရပါသည်။ သူသည် တစ်ခါတည်း အသေကောင်ကြီးလို တောင့်တင်း၍ သွားပါသည်။ သို့ရာတွင် နောက်ထပ် ဘာသံမျှ ဆက်လက်၍ မကြားရသောအခါ တွင်ကား သူ့စိတ်က ခြောက်လှန့်ခြင်းဖြစ်ပေမည်ဟု အောက်မေ့လိုက်၏။ ထိုအခိုက်မှာပင် အော်သံသဲ့သဲ့ကို ကြားလိုက်ရပြန်၏။ တစ်စုံတစ်ယောက် ၏ ကြိတ်၍ ငိုသံများ ဖြစ်၏။ တစ်ဖန် တစ်မိနစ်နှစ်မိနစ်ခန့် တိတ်ဆိတ် ၍ နေပြန်သည်။ ချက်ချင်းပင် မောင်ရန်ကင်းသည် ရဲတင်းကိုဆွဲကိုင်၍ အခန်းထဲမှ ပြေးထွက်၍ သွားလေသည်။

အိမ်ရှေ့ခန်းအလယ်တွင် ဒေါ်ခင်လှဇင်သည် အထုပ်ကြီးတစ်ထုပ်ကို ပွေ့ပိုက်၍ ရပ်လျက်သားရှိလေသည်။ သူမသည် အသတ်ခံရသူ အစ်မ အား ေးကြောင်ကြည့်လျက် ရှိလေသည်။ တစ်ကိုယ်လုံးသည် ထုံးဖြူဖြူ ဖြစ်နေပြီး အော်ဟစ်နိုင်ရန်လည်း ခွန်အားရှိတော့ဟန် မတူပါ။ အခန်းထဲ မှ ပြေးထွက်လာသော သူ့အား မြင်တွေ့သွားသောအခါတွင်ကား သူမ သည် မုန်တိုင်းထိုးခံရသော သစ်ရွက်ကလေးပမာ သိမ့်သိမ့် လှုပ်သွားလေ သည်။ သူမသည် လက်တစ်ဖက်ကိုမြှောက်၍ ပါးစပ်ကို ဟလိုက်သည်။

mgyoe.com

mgyoe.com


သို့ရာတွင် ယခုထက်တိုင် မအော်ဟစ်သေးပါ။ ဒေါ်ခင်လှဇင်သည် တရွေ့ရွေ့နှင့် နောက်သို့ဆုတ်သွားနေ၏။ အခန်းထောင့်ဆီသို့ ဖြစ်၏။ သူ့အား မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်းဖြစ်၏။ သို့ရာတွင် အသံကား မထွက်။ အော်ဟစ်ရန်ကို သတိလစ်မေ့လျော့နေ၍လည်း ဖြစ်နိုင်သည်။ သူက သူမနောက်သို့ ရဲတင်းကိုဆွဲကိုင်ရင်း လိုက်သွား၏။ သူမ၏ နှုတ်ခမ်းစုံသည် ရှုံ့မဲ့၍နေ၏။ ကလေးသူငယ်များ ငိုကာနီးသဏ္ဍာန်မျိုး ဖြစ်၏။ ရဲတင်းကိုမြှောက်၍ ချိန်ရွယ်လိုက်သောအခါ ကြောက်လန့်တကြားနှင့် ကာကွယ်ရသော အပြုအမူဖြစ်၏။ သဘာဝကျသော ပြုကျင့်မှုဖြစ်၏။ သို့ရာတွင် အင်မတန်မှ ချောက်ချားတုန်လှုပ်နေရှာသော ဒေါ်ခင်လှဇင်ကတော့ ဤသို့ပင် ကာကွယ်ခြင်းမရှိရှာမိ။ ကျောက်ရုပ်ကြီးလိုသာ ပြောင်စင်း ၍ ခံနေသည်။ သူမ၏ထွက်နေသော ဘယ်လက်ကိုသာ လှုပ်ရှားပါသည်။ သို့ရာတွင် မျက်နှာရှေ့တွင် ခံကတုတ်ပြုလုပ်ခြင်း မဟုတ်။ ရှေ့တည့်တည့် သူ့ဆီကို တန်းလိုက်ခြင်း ဖြစ်၏။ သူ့အား ထွက်သွားပါရန် တောင်းပန်လိုသည့်သဘောမျိုး ဖြစ်၏။

ရဲတင်းသည် အသွားဘက်မှနေ၍ အရှိန်ကျဆင်းလာရာ တစ်ချက်တည်းနှင့်ပင် ဦးခေါင်းခွံသည် ထက်ခြမ်းကွဲသွားလေသည်။ ဒေါ်ခင်လှဇင်သည် ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားတော့၏။ သူက ကယောင်ကတမ်းဖြင့် သူမ၏ လက်ထဲမှ အထုပ်ကိုဆွဲယူလိုက်၏။ ထို့နောက် ပြန်လွှတ်ချလိုက်၏။ ပြီးတော့ အိမ်ခန်းထဲသို့ ပြေးဝင်သွားပြန်သည်။

ယခုမှ သူက ကြောက်စိတ်များ ဝင်လာလေသည်။ လုံးဝ မမျှော်လင့်သော လူသတ်မှုတစ်ခုကို ကျူးလွန်လိုက်တော့မှ ထိတ်လန့်စိုးရွံ့လာမိတော့၏။ ဤနေရာမှ မြန်နိုင်သမျှမြန်မြန် ထွက်ပြေးလိုတော့သည်။ သူ့အခြေအနေကို ယခုမှ သတိရလာမိတော့၏။

သူကျူးလွန်မိနေသော ရာဇဝတ်မှုများသည် အင်မတန်ဆိုးရွား၍ စက်ဆုတ်ဖွယ် အတိရှိ၏။ ရွံရှာဖွယ်နှင့်ပြီး၏။ သူ့အဖို့လည်း ကြီးမားသော အကျဉ်းအကြပ် ဖြစ်၏။ အကောင်းဆုံးကတော့ အိမ်ကို အမြန်ဆုံးပြန်ရောက်ရန် ကြိုးစားဖို့ပဲ ဖြစ်၏။ ကျူးလွန်မိသော ရာဇဝတ်မှုအတွက် ပြစ်ဒဏ်ခံရမည်ကို ကြောက်ရွံ့သည်ထက် မိမိ၏ရက်စက်မှုကို ရွံရှာအော့

mgyoe.com

mgyoe.com


နှလုံးနာသောအားဖြင့် ဤဒုစရိုက်ဖြစ်ပွားရာဒေသမှ အမြန်ဆုံးဖဲကြဉ် သင့်ပေပြီ။

သို့ရာတွင် သူသည် ခဏတွင်းမှာပင် ခေါင်းပြန်အေးသွား၏။ ဘာပြီး ဘာလုပ်သင့်သည်များ ပြန်ပေါ်လာ၏။ မီးဖိုခန်းဘက်သို့ လှမ်းကြည့်လိုက်သောအခါတွင် ရေအပြည့်နီးပါးရှိသော သွတ်ပုံးတစ်လုံးကို မြင်ရပါသည်။ သူက လက်နှင့် ရဲတင်းကိုဆေးကြောရဦးမည်ဟု သတိရလာ၏။ သူ၏ လက်တို့သည် သွေးများဖြင့် လေးလံ၍နေသည်။ သူက ရဲတင်းကို ရေပုံးထဲတွင် စိမ်ထားလိုက်ပြီး လက်ကိုလည်း အနီးတွင်ရှိသော ဆပ်ပြာ၊ အိုးတိုက်ဖွဲပြာဖြင့် တိုက်ချွတ်ဆေးကြောပါသည်။

လက်များ စင်ကြယ်သွားသောအခါတွင် ရဲတင်းအသွားနှင့်အရိုးပါ မကျန် သေသေချာချာ ဆေးကြောပြန်ပါသည်။ သွေးစက်တစ်စက်မျှ ကျန်မနေစေရန် သုံးမိနစ်ခန့် အချိန်ယူ၍ ပွတ်တိုက်ပါသည်။ ထို့နောက် သူသည် အဝတ်စုတ်တစ်ခုဖြင့် ရဲတင်းကို ခြောက်သွေ့သွားအောင် သုတ်ပါသည်။ တစ်ဖန် အလင်းရောင်ဖြင့် စစ်ဆေးကြည့်ရှုပြန်ပါသည်။ ရဲတင်းရိုး စိုထိုင်းနေသည်မှလွဲ၍ အခြားသဲလွန်စတော့ မကျန်ရှိတော့။ သူက ရဲတင်းကို ကုတ်အင်္ကျီအတွင်း ပြန်ချိတ်ထားလိုက်သည်။

ပြီးမှ တစ်ချီ ကုတ်အင်္ကျီနှင့် ပုဆိုးများအပေါ်တွင် သွေးစက်များ ပေကျန်နေမနေ တတ်နိုင်သမျှ ရှာဖွေစစ်ဆေးပြန်၏။ ဖိနပ်သဲကြိုးပေါ် ထိ လိုက်၍ကြည့်ပါသည်။ အဝတ်စုတ်ကို ရေဆွတ်၍ ဖိနပ်သဲကြိုးကို တိုက်ပစ်ပါသည်။

သူသည် မီးဖိုခန်း၏ အလယ်တွင် မတ်တတ်ရပ်၍ အတော်ကြီးကြာအောင် စဉ်းစားနေမိပြန်၏။ သူဘာတွေလုပ်ခဲ့မိသနည်း။ သူရူးနေပြီလား။ သူ၏အသိဉာဏ်များ မမှန်ကန်တော့ပြီလား။ စိတ်နောက်သည်ဆိုသည်မှာ ဘယ်လိုဖြစ်၍ ခေါ်သနည်း။ သူလုပ်ခဲ့သည်များကို သူကိုယ်တိုင်အချိန် မရွေးသဘောတူနိုင်ပါမည်လား 'မဖြစ်ဘူး ငါပြေးမှပဲ' နောက်ဆုံးသူ ချောက်ချားလာပြန်သည်။

သူက အိမ်ရှေ့ခန်းသို့ ပြန်ရောက်သောအခါတွင် သူ့မျက်စိ သူမယုံနိုင်အောင် အံ့သြနေမိရ၏။ အိမ်ရှေ့တံခါးသည် လက်တစ်ဝါးခန့်ပွင့်လျက်

mgyoe.com

mgyoe.com


ရှိ၏။ ဟုတ်ပါပြီ။ တစ်ချိန်လုံးကို ဒီတံခါးဟာ ပွင့်နေတာကိုး။ ငါကန့်လန့် မထိုးမိဘဲကိုး။ ဘုရား ဘုရား ငါလုပ်တာတွေဟာ သွေးရူး သွေးတန်းအမှုတွေပါလား။ ငါ့ခေါင်းမကောင်းတော့ဘူး။ ဒေါ်ခင်လှဇင် ဘယ်လိုအခန်းထဲရောက်လာတယ်ဆိုတာတော့ ငါမစဉ်းစားတော့ဘူး။ ဟုတ်တယ်။ ငါဟာ အမြဲတမ်း မဟုတ်တောင် တစ်ခါတစ်ခါမှာ ရူးနေပြီလား။

သူက ပြေးသွားတည့်ပြီး တံခါးကို ကန့်လန့်ထိုးလိုက်သည်။

"မဟုတ်သေးပါဘူး။ ငါအမှားတွေ လုပ်နေမိပြန်ပါပြီ။ ဒီအချိန်က တံခါးကို ပိတ်ရမှာမဟုတ်ဘူး။ တံခါးကိုဖွင့်ပြီး ထွက်ပြေးရမှာပဲ။ ဟုတ်ပါတယ်။ ငါ ကယောင်ကတန်း ဖြစ်နေပြီ" သူက တံခါးကိုပြန်ဖွင့်၍ လှေကားတစ်လျှောက် နားစွင့်လိုက်သည်။

အတော်ကလေးကြာအောင် နားထောင်မိတော့ လူနှစ်ယောက် စကားပြောသံ ခပ်သဲ့သဲ့ကို ကြားရ၏။ လှေကားရင်းဆီလောက်မှ ဖြစ်၏။ ဘယ်သူတွေလဲ ဘာတွေပြောနေတာလဲ သူက ရင်မောပန်းလျှစွာ စောင့်ဆိုင်းနေရသည်။ အတန်ကြာမှ စကားသံများ ရုတ်ခြည်းစဲသွား၏။ လူချင်းခွဲသွားကြသည်ဖြစ်ပေမည်။ သူသွားဖို့သင့်ပါပြီ။ သို့ရာတွင် သူအခန်းထဲမှ မထွက်ရခင်မှာပင် တတိယအထပ်မှ အခန်းတံခါးတစ်ခု တွန်းဖွင့်သံကြားလိုက်ရပြီး လူတစ်ယောက် လှေကားမှ ပြေးဆင်းသွားသည်ကို တွေ့ရ၏။ သူက တံခါးကို ပြန်ပိတ်၍ စောင့်နေရပြန်သည်။

"ဒီလူတွေ ဘာကိစ္စ ပျာယာခတ်နေကြတာလဲ"

နောက်တစ်ချီ တိတ်ဆိတ်သွားပြန်၍ သူသည် အခန်းထဲမှ ထွက်၍ လှေကားတစ်ထစ် ဆင်းမည်ပြုစဉ်မှာပင် ခြေသံများကြားရပြန်တော့၏။

ခြေသံများမှာ အတော်ဝေး၏။ အောက်ဆုံးထစ်လောက်မှ ဖြစ်၏။ သို့ရာတွင် အထက်သို့ တက်လာနေခြင်းဖြစ်ကြောင်း သူသိလိုက်၏။ ဘယ်သူများ ဘာကိစ္စတက်လာနေပြန်ပြီလဲ။ အဘွားကြီးဆီ လာတာလား။ သို့ရာတွင် ခြေသံများသည် လေးလေးပြင်းပြင်းဖြစ်၏။ သုတ်သီးသုတ်ပြာ မရှိပါ။

သို့ရာတွင် တက်လာသူသည် ပထမထပ်ကိုလွန်လာလေပြီ။ ရှေ့သို့ ဆက်တက်လာနေသည်။ လေးထပ်အထိ တက်လာမည်လား။ ဟော

mgyoe.com

mgyoe.com

တတိယထပ်သို့ပင် ရောက်လာချေပြီ။ သူ့ဆီသို့ လာနေပြီလား။ အိပ်မက်ထဲတွင် အလိုက်ခံရ၍ ပြေးမရသူတစ်ဦးပမာ သူသည်လည်း နေရာတွင် ကျောက်ရုပ်ဖြစ်နေတော့၏။ စိတ်ထဲမှသာ ပြေးနေမိသည်။

နောက်ဆုံးတွင် အမည်မသိလူသည် စတုတ္ထထပ်သို့ စ၍တက်လာနေချေပြီ။ ထိုအခါကျမှသူသည် ထိတ်လန့်တကြားဖြစ်လာမိပြီး အခန်းထဲသို့ ကသောကမြော ပြန်ဝင်သွားမိ၏။ တံခါးကို အသံမကြားအောင် ပြန်ပိတ်ထားလိုက်၏။ ပြီးတော့ တံခါးနားတွင်ကပ်၍ရပ်ကာ ရဲတင်းကို လက်ဖြင့် ဆုပ်ကိုင်ထားလိုက်၏။ အရေးဆိုလျှင် သူ့ကိုပဲ သုံးရပေမည်။ အမည်မသိ ဧည့်သည်သည် ယခုအခါတွင် တံခါးရှေ့သို့ပင် ရောက်လာချေပြီ။ သူတို့နှစ်ယောက်သည် တံခါး၏ တစ်ဖက်တစ်ချက်စီတွင် ရင်ဆိုင်ရပ်မိနေပေပြီ။ စောစောပိုင်းက သူနှင့်အဘွားကြီးရပ်နေခဲ့သလိုပင် ဖြစ်ပါသည်။

အပြင်မှလူသည် အသက်ရှုပြင်း၍ တက်လာရသည့်အတွက် မောနေပုံရသည်။ အဆိုပါလူသည် ဝဝတုတ်တုတ်ဖြစ်ရမည်ဟု သူက ခြေသံကို ထောက်၍ မှန်းဆလိုက်သည်။ မောင်ရန်ကင်းသည် ရဲတင်းကို ကျစ်ကျစ်ပါ အောင် ဆုပ်ထား၏။ ကြည့်ရသည်မှာ အိပ်မက်ဆိုးတစ်ခုနှင့် တူလှ၏။ ကိုရွှေဧည့်သည်သည် လျှပ်စစ်ခလုတ်ကို နှိပ်လေပြီ။ ခေါင်းလောင်းသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာတော့၏။

သူက ငြိမ်၍သာ နေရသည်။ ဘာမျှလည်း မလုပ်တတ်။ ခေါင်းလောင်းသံက ထပ်တလဲလဲ မြည်လာနေ၏။

"တောက် ကွေးနေကြပလားဟေ့ ဇင်ရေ။ တံခါးဖွင့်ပါဦးကွ။ အစောကြီးရှိပါသေးတယ်။ အိပ်ကြပလား။ တယ်လည်း စည်းစိမ်ကြီးတဲ့ မိန်းမတွေ"

အပြင်ကလူသည် အသံအတိုးအကျယ် အော်လိုက်ပြီးနောက် ခေါင်းလောင်းကို စိတ်တိုစွာနှင့် နှိပ်လျက်ရှိ၏။ အဆိုပါလူသည် အဘွားကြီးတို့ညီအစ်မနှင့် အထူးရင်းနှီးကျွမ်းဝင်သူဖြစ်ပေသည်။ ထိုစဉ်တွင် အောက်မှပြေးတက်လာသော ခြေသံများကို ကြားရပြန်၏။

"ဘယ့်နှယ်လဲ မရှိကြဘူး မဟုတ်လား"

နောက်မှတက်လာသူက မေးလိုက်၏။ သူ့အသံကို ထောက်ရခြင်းအားဖြင့် လူငယ်တစ်ဦး ဖြစ်ပေမည်။
mgyoe.com

mgyoe.com


"ဘာလို့မရှိရမှာလဲ။ ဒီအဘွားကြီး ဘယ်တုန်းက ဘယ်ကိုသွားဖူးလို့လဲ။ ပြီးတော့ ကနေ့ သေသေချာချာချိန်းထားတာပဲ"

"ဘယ်လိုပဲချိန်းထားထား အခုရှိမှမရှိကြတာ။ ဒီမှာ ဘာလုပ်နေကြတော့မလဲ။ ပြန်ကြရုံပဲပေါ့။

"အေးပါကွာ။ ပြန်တာက မခက်ပါဘူး။ ဒီမှာ တံခါးကို တွန်းကြည့်စမ်း လှုပ်နေတယ်။ အဲဒါ သော့ခတ်မထားဘူး ဂျက်ထိုးရုံပဲ ထိုးထားတယ်"

"ဟုတ်လား"

"ဟုတ်တာပေါ့။ ဒီသဘောက အထဲမှာ တစ်ယောက်တော့ ရှိရမယ်။ နှစ်ယောက်စလုံး အပြင်သွားရင် သော့ခတ်သွားရမယ်။ အခုတော့ အထဲကပဲ ကလန့်ချထားတယ်။ တွေ့လား ဒီမယ် လှုပ်လိုက်ရင် အသံကြား တယ်။ အဲဒီတော့ အထဲမှာ လူရှိရက်သားနဲ့ တံခါးဖွင့်မပေးတာကွ"

"နေဦး ဒါဖြင့် သူတို့ တစ်ခုခုဖြစ်နေကြလို့များလား။ ဒါမှမဟုတ်ရင်လည်း အချိန်မတော်ကြီးမို့" ခေတ္တမျှ တိတ်ဆိတ်သွားသည်။ မောင်ရန်ကင်းကတော့ ဘာမျှမတတ်နိုင်။ သူတို့ဝင်လာလျှင် လက်ဦးဖို့သာ သတိကြီးစွာထားနေရသည်။

"အောက်ထပ်ကလူတွေ သွားမေးကြည့်ရရင် ကောင်းမယ်ထင်တယ်"

"သိမလား"

"မေးတော့ကြည့်ပေါ့။ အဘွားကြီး ထွက်သွားကြတာ တွေ့လား မတွေ့ဘူးလားလို့။ တစ်ခုခုဖြစ်နေရင်လည်း စောစောစီးစီး သိရတာပေါ့"

သူတို့နှစ်ယောက် လှေကားမှ ဆင်းသွားကြသည်နှင့်တစ်ပြိုင်နက် မောင်ရန်ကင်းသည် အထူးအထွေ စဉ်းစားမနေတော့ဘဲ တံခါးကိုဖွင့်၍ လှေကားမှ ဆင်းသွားလေတော့၏။ လှေကား ၃ ၄ ထစ်မျှ ဆင်းမိသောအခါတွင် အောက်ထပ်မှ တစ်စုံတစ်ယောက် အော်ဟစ်လျက် ပြေးသွားသံကို ကြားရပြန်၏။

"လိုက်ဟေ့ လိုက်ဟေ့" ဟု အော်လျက် ထိုလူသည် လမ်းပေါ်သို့ ပြေးဆင်းသွားလေ၏။ သို့ရာတွင် ထိုလူ၏အော်သံမှာ ရွှင်မြူးသံနှင့် ရောနေ၏။ မည်သို့ပင်ဖြစ်စေ သူက ရင်ဖိုသွားမိ၏။

ထိုအခိုက်မှာပင် အောက်ထပ်မှ တက်လာသော ခြေသံများကို

mgyoe.com

mgyoe.com


ကြားရပြန်၏။ လူအတော်များများ ဖြစ်ဟန်ရှိ၏။ သူတို့သည် စကား တပြောပြောနှင့် တက်လာနေကြသည်။ စောစောက လူနှစ်ယောက်နှင့် နောက်ထပ်လူများ ဖြစ်ကြပုံရှိ၏။ သူတို့နှင့်သာ ပက်ပင်းတိုးနေလျှင်တော့ သူအဖို့ ဇာတ်သိမ်းရပေတော့မည်။

ပထမတော့ သူသည် ဖြစ်လိုရာဖြစ်စေ ရင်ဆိုင်လိုက်မည်ဟု စိတ်ကူး သေး၏။ သို့ရာတွင် မိုက်ရူးရဲနိုင်လွန်းမှန်း ပြန်စဉ်းစားမိ၍ ဤအကြံကို ပယ်ဖျက်လိုက်သည်။ သူတို့က နီးသည်ထက် နီးလာနေကြပြီ။ ဒုတိယ ထပ်မှ အခန်းတစ်ခန်းသည် တံခါးပွင့်၍ လူသူကင်းမဲ့နေသည်ကို တွေ့ရ ၏။ အခန်းတံခါးကို ယခုမှ လောလောလတ်လတ် ဆေးသုတ်ထားသည်ကို တွေ့ရသဖြင့် ဤအခန်းကို မွမ်းမံနေခိုက်ဟု သိသာ၏။ စောစောက အော်ဟစ်ပြေးဆင်းသွားကြသူများမှာ ဤအခန်းထဲမှပင် ဖြစ်ပေလိမ့် မည်။ သူက ကျန်ရှိနေသော လှေကားထစ်များကို အပြေးဆင်း၍ ထိုအခန်းထဲသို့ ဝင်လိုက်၏။

အထဲတွင် လှေကားတစ်စင်း ဆေးပုံးများနှင့် စုတ်တံများနှင့် တွေ့ရှိရ၏။ သူက တံခါးကြားတွင် ကွယ်ပုန်း၍ နေလိုက်သည်။ အောက် မှ တက်လာကြသူများသည် သုံးထပ်လှေကားပြင်သို့ ရောက်ရှိလာကြပေ ပြီ။ သူတို့သည် အပေါ်ထပ်သို့ဆက်လက်၍ တက်သွားကြ၏။ သူက အခန်းထဲမှ ခြေဖျားထောက်ထွက်၍ လှေကားမှ ပြေးဆင်းသွားလေသည်။

လှေကားပေါ်တွင်လည်း မည်သူမျှမရှိ။ တိုက်ရှေ့လမ်းမပေါ်တွင် လည်း တစ်စုံတစ်ဦးကိုမျှ မတွေ့ရပါ။ သူက လမ်းပေါ်တွင် ကြွေရစ္စာ လျှောက်သွားနေပါတော့သည်။

ဤအချိန်တွင်ဆိုလျှင် စောစောကလူစုသည် စတုတ္ထထပ်သို့ ရောက် ရှိကြတော့မည်။ တံခါးဖွင့်လျက်သားကို တွေ့ကြတော့မည်။ စောစောက တံခါးပိတ်နေပြီး ယခုပွင့်နေသဖြင့် သူတို့သည် အဆောင်တလျှောက်ပင် အတွင်းသို့ ဝင်ကြည့်ကြပေမည်။ ယခုဆိုလျှင် သူတို့အလောင်းကို စစ်ဆေးနေကြတော့မည်။ လူသတ်သမားသည် တံခါးပိတ်ထားချိန်က ရှိနေဦးမည်ကို သူတို့တွေးမိကြပေမည်။ သူတို့ ပြန်တက်လာစဉ်တွင် လူသတ်သမားသည် ဆေးသုတ်နေသောအခန်းထဲ ဝင်ပုန်းနေပြီး

mgyoe.com

mgyoe.com

လွတ်မြောက်သွားပြီကို သူတို့ ကောက်ချက်ချမိကြပေမည်။ သူတို့ လိုက်ရှာကြတော့မည်။

ဤသို့ဆိုလျှင် သူသည် တစ်နေရာရာတွင် ဝင်ပုန်းနေရမလား။ လမ်းတစ်လမ်းထဲ ချိုးသွားရမလား။ သုံးဘီးကားခေါ်ရမလား။ ဈေးဝယ်နေရမလား။ လက်ဖက်ရည်ဝင်သောက်ရမလား။ သူက မည်သို့မျှမဝေခွဲနိုင်ဘဲ ဆောင်းညဦးတွင် ဇောချွေးပြန်နေရပါတော့သည်။

သို့ဖြင့် မောင်ရန်ကင်းသည် နေထိုင်ရာတိုက်ရှေ့သို့ မည်သို့မည်ပုံ ပြန်ရောက်လာသည်ကိုပင် မမှတ်မိတော့။ တိုက်ပေါ်သို့ တက်လာ၍ လှေကားတစ်ဝက်ကျိုးမှပင် ကုတ်အင်္ကျီအောက်မှ ရဲတင်းကို သတိရတော့သည်။ ဤသည်က အရေးကြီးဆုံးသော ပြဿနာဖြစ်ပေသည်။ ဤလက်နက်ကို လူမသိအောင် ပြန်ထားဖို့က ဤလုပ်ငန်းတွင် နောက်ဆုံး အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

တော်ပါသေးသည်။ မီးဖိုခန်းထဲတွင် မည်သူမျှမရှိ။ ညွန့်ညွန့်တင်၏ အရိပ်အရောင်ကိုမျှ မတွေ့ရှိရ။ သူက ရဲတင်းကို နေရာတကျ ပြန်ထားလိုက်သည်။ သူ့အခန်းသို့ ပြန်ရောက်သည်အထိ မည်သူတစ်ဦးနှင့်မျှ မတွေ့ ရှိပေ။ အခန်းထဲသို့ရောက်သောအခါတွင်ကား ထုံးစံအတိုင်းပင် ခုတင်ပေါ်သို့ ပစ်လှဲချလိုက်လေ၏။

သို့ရာတွင် အိပ်ရန်ကား မကြိုးစားချေ။ အရာရာကို မျက်စိပိတ်၍ မေ့ထားပစ်လိုက်သည်။ ထိုအခိုက်တွင် သူ့အခန်းတွင်းသို့ တစ်ယောက်ယောက် ဝင်လာခဲ့လျှင် လန့်ခုန်မိပေမည်။ သူက ဤမျှအထိ မရေမရာ စိတ်ဝယ်နစ်မျောနေမိ၏။

တဖြည်းဖြည်းနှင့် သူ့ခေါင်းထဲတွင် အတွေးများသည် ယောက်ယက်ခတ်လာကြပြန်တော့၏။ ပို၍ပို၍ နောက်ကျိလာတော့၏။ သူ့ပြဿနာများသည် ရှေ့တွင် ယခုထက်ပို၍ ရှုပ်ထွေးလာပေတော့မည်။

*

mgyoe.com

mgyoe.com


## ၈။ ။ ရဲဌာနမှ ဆင့်ခေါ်ခြင်း

မောင်ရန်ကင်းသည် အတော်ကြီးကြာအောင်ပင် တုံးလုံးပက်လက်ကြီး ဖြစ်နေ၏။ ခုပြီးခုဆိုသလို သူသည် အိပ်ရာမှလန့်နိုး၏။ သို့ရာတွင် သူက အိပ်ပျော်သည်ဟုလည်း မထင်မိ။ မျက်လုံးဖွင့်ကြည့်တိုင်း ညကြီးမည်းနက်ဖြစ်နေသည်ကို တွေ့ရ၏။ သို့ရာတွင် သူသည် လဲလျောင်းနေရာမှမထ။

နောက်ဆုံးတစ်ကြိမ် လန့်၍အနိုးတွင် အလင်းရောင်ကိုမြင်ရတော့သည်။ သို့ရာတွင် နံနက်အစောကြီးသာ ရှိသေး၏။ သူသည် ခုတင်ပေါ်တွင် ငုတ်တုတ်ထထိုင်၍ ညက အဖြစ်အပျက်ကို တစ်ခုမကျန် ပြန်လည်မြင်ယောင်နေသည်။ ပထမတော့ ရုပ်ရှင်ကြည့်နေရသည်ဟု သူထင်မိ၏။ နောက်တော့ သူရူးနေပြီလားဟု အောက်မေ့မိသည်။

သူ့တစ်ကိုယ်လုံးသည် တဆတ်ဆတ်ခါလှုပ်နေသည်။ နားထင်တွင် သွေးတဖောက်ဖောက် တိုးနေ၏။ ရင်ထဲမှာ လှုပ်လှုပ်မောနေသည်။

သူက တံခါးကိုဖွင့်၍ နားစွင့်လိုက်သည်။ တစ်တိုက်လုံး အိပ်မောကျလျက်သား ရှိနေဆဲ။

သူ့ပတ်ဝန်းကျင်တွင်ကား ညကအတိုင်း ပကတိရှိနေသေးသည်။ ညက သူတံခါးမပိတ်ခဲ့မိ။ ဘယ့်နှယ်ကြောင့်မှန်းမသိ။ ခုတလော သူတံခါးပိတ်ဖို့ သတိမရတတ်။ ပြီးတော့ အဝတ်အစားများကို မလဲဘဲနှင့် ဒီအတိုင်း အိပ်ခဲ့သည်။ ခိုးလိုးခုလု ကုတ်အကျီကို မချွတ်ခဲ့။

mgyoe.com

mgyoe.com


"တစ်ယောက်ယောက်များ ရောက်လာရင် ဘယ်လိုထင်သွားမလဲ။ ငါ မူးလာတယ်ပဲ ထင်မှာပဲ"

သူက ပြတင်းပေါက်သို့ ကမန်းကတန်း သွားသည်။ အလင်းရောင် လုံလုံလောက်လောက်ရှိနေပေပြီ။ သူ့ကိုယ်သူ ခြေဆုံးခေါင်းဆုံး စစ်ဆေးကြည့်သည်။ သဲလွန်စများ ကျန်ရှိနေသလား။ ရှိပုံတော့ မရ။ သူက ချမ်းချမ်းစီးစီးမှာပင် အဝတ်အစားများကိုချွတ်၍ အသေအချာကြည့်၏။ အတွင်း အပြင်လှန်၍ အထပ်ထပ်ကြည့်၏။ သူ့ကိုယ်သူ မယုံသင်္ကာမှု လွန်ကဲနေသည်။

တစ်နေရာတွင်သာ တွေ့ရ၏။ လုံချည်အောက်နားတွင် သွေးများခဲနေသည်။ သူက မောင်းချဓားကိုထုတ်၍ သွေးများကို ခြစ်ပစ်လိုက်သည်။ နောက်ထပ်တော့ ဘာမျှမတွေ့တော့။

ရုတ်တရက် သူသတိရ၏။ ပိုက်ဆံအိတ်နှင့် အဘွားကြီးသေတ္တာထဲမှ ယူခဲ့သော ပစ္စည်းများသည် ယခုထက်တိုင် သူ့ကုတ်အင်္ကျီထဲတွင် ရှိနေကြသည်။ သူသည် သူ့လည်ပင်းကို ကြိုးကွင်းတပ်စေမည့် အထောက်အထားများကိုသာ ရှာဖွေနေသည်။ ရရှိသောပစ္စည်းများကိုတော့အမှတ်လုံးလုံး မရ။ သူက လောလောသုတ်သုတ်ပစ္စည်းများကို ထုတ်၍ စားပွဲပေါ်တွင် စုပုံတင်လိုက်သည်။ ဘာတစ်ခုမျှ ကြွင်းကျန်မနေအောင် အင်္ကျီအိတ်ကို အတွင်းအပြင် လှန်ကြည့်သည်။ သူက ပစ္စည်းများအားလုံးကို အခန်းထောင့် ခုတင်ခြေရင်းသို့ယူသွား၍ အုတ်နံရံပေါက်ထဲသို့ထည့်၍ အပေါ်မှ ဖုံးဖိထားလိုက်သည်။

သူသည် ရရှိလာသည့်ပစ္စည်းများကို သိုဝှက်ထားရန် နေရာကိုကား ကြိုတင်စီစဉ်မထားခဲ့ရ။ သူ့စီမံကိန်းတွင် ဤအခန်းသည် လုံးဝမေ့ကျန်ခဲ့၏။

သူက ခုတင်ပေါ်တွင် ပြန်ထိုင်လိုက်၏။ သူ့ကိုယ်သည် သိမ့်သိမ့်တုန်လာပြန်သည်။ သူက ခုတင်ပေါ်တွင် ပုဇွန်တုပ်လို ကွေးလိုက်သည်။ သူ့အသိများသည် ပရမ်းပတာဖြစ်လျက်ရှိ၏။ အိပ်ရာမှ ခုန်ထပြန်သည်။

"ငါ ဒီအတိုင်းအိပ်လို့ ဘယ်ဖြစ်ဦးမလဲ။ ကုတ်အင်္ကျီမှာတပ်ထားတဲ့ အဝတ်ချိတ်ကို ဖြုတ်ဦးမှပေါ့။ ကြည့်စမ်း ဒါဟာ အင်မတန်ခိုင်လုံတဲ့ သက်သေအထောက်အထားကြီး မဟုတ်ပါလား"

mgyoe.com

mgyoe.com


သူက ချိတ်ကိုဆွဲဖြုတ်လိုက်ပြီး အပိုင်းပိုင်းညှပ်ကာ ခေါင်းအုံး အောက် အဝတ်ပုံထဲသို့ ထိုးသိပ်ထားလိုက်၏။

"အဝတ်စတွေကတော့ ဘာမှမသင်္ကာစရာ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် လေ ငါမတွေးတော့ဘူး။ ငါ မစဉ်းစားတော့ဘူး"

သူက တဖွဖွမြည်တမ်းရင်း အခန်းအလယ်တွင် ရပ်ကာ ပတ်ဝန်းကျင် ကို စေ့စေ့စပ်စပ်ကြည့်နေ၏။ ဘာများမေ့ကျန်နေသေးသနည်း။ သူ့စိတ် များသည် မအားဘဲ ဖြစ်နေတော့၏။ သူ့စိတ်များသည် မလွတ်လပ်ဘဲ ရှိနေသည်။ သူက နေလို့ထိုင်လို့ မရ။

"အင်း ငါတော့ ပြစ်ဒဏ်ခံနေပြီ။ ရာဇဝတ်မှုအတွက် ပြစ်ဒဏ်ခံရ တယ်ဆိုတာ ဒါပဲကိုး"

စောစောက သူဖားနှင့်ခြစ်ထားသော သွေးခဲသွေးမှုန့်များသည် ကြမ်းပြင်ပေါ်တွင် ရှိနေကြသည်။ တစ်ယောက်ယောက် အခန်းထဲဝင်လာ လျှင် မုချ မြင်တွေ့သွားပေမည်။

"သွားပြီ။ ငါ ကယောင်ချောက်ချား ဖြစ်နေပြီ။ ငါ့စိတ်အစီအစဉ် ဟာ မမှန်တော့ဘူး။ ငါ ပြစ်ဒဏ်ခံရပြီ။ ဒီအတိုင်းသာဆိုရင် ငါဘယ်လို လုပ်စား၊ ဘယ်လိုလုပ်အိပ်သွားရတော့မလဲ။ စိတ်ခြောက်လှန့်နေရင် ဘယ်မှာစားလို့ အိပ်လို့ရတော့မလဲ။ ငါလုပ်တာတွေဟာ အမှားချည်းပဲ"

သူသည် ခုတင်ပေါ်တွင် သွားပြန်လှဲလိုက်၏။ တစ်ဖန် ချမ်းချမ်း တုန်လာပြန်၏။ သူက မလုံမလဲ တွေးမိသည်။ သူ၏ ခေါင်းထဲတွင်ကား အတွေးများသည် ချာလပတ်လည်နေ၏။

"တစ်နေရာရာသွားပြီး ဒါတွေအားလုံး လွှင့်ပစ်မှပဲ။ ချက်ချင်း သွားမှပဲ။ ခုသွားမှပဲ"

သို့ရာတွင် သူသည် မထမိ၊ မထနိုင်။ အိပ်တစ်ဝက် နိုးတစ်ဝက်ဖြင့် သွေးလေချောက်ချားနေခြင်းသာ ဖြစ်၏။

အပြင်မှ တံခါးခေါက်သံကြားရတော့မှ သူက တကယ်နိုးလာလေသည်။

"တံခါးဖွင့်ပါဦး။ ဘယ်အချိန်ရှိပလဲ အစ်ကိုကာလနဂါးကြီးရဲ့"

ညွန့်ညွန့်တင်ဖြစ်သည်။ တံခါးကို လက်သီးဆုပ်ကလေးဖြင့် ထုနေ သည်။

mgyoe.com

mgyoe.com


"ဒါလောက်ပဲ မနားမနေ အိပ်ရသလား။ ဆယ်နာရီထိုးနေပြီ"

သူမ၏ မကျေမနပ်သံက သူ့နားထဲသို့ အတင်းတိုးဝင်လာသည်။

"သူ မရှိဘူးနဲ့တူတယ်"

ဟော ယောက်ျားသံ။ သူ ဘယ်သူလဲ။ ဘာကိစ္စလဲ။ မောင်ရန်ကင်း ငေါက်ခနဲ ထလိုက်သည်။ အားလုံးပေါ်ကုန်ပြီလား။ ခု ဘာလုပ်ရမလဲ။ တံခါးဖွင့်ပေးရမလား။ ဘာတွေဖြစ်မလဲ။ နောက်ဆုံးတွင် သူက တံခါးဖွင့်ပေးလိုက်သည်။ ညွန့်ညွန့်တင်နှင့် ကုလားတစ်ယောက် ဝင်လာသည်။

"သမ္မာန်စာဗျို့"

အဆိုပါလူက စာအိတ်တစ်အိတ်ကို လှမ်းပေးရင်း ပြောသည်။

"ဘယ်က သမ္မာန်စာလဲ"

"ဂတ်က သမ္မာန်စာပေါ့"

"ဂတ်က ဟုတ်လား။ ဘာလုပ်ဖို့လဲ"

အဆိုပါလူက အခန်းကို အကဲခတ်လိုက်။ သူ့ကို စူးစိုက်ကြည့်၏။ သူသည် အရပ်ဝတ် အရပ်စားနှင့် ရဲသားတစ်ဦး ဖြစ်ချေသည်။

"ဘယ်သိမလဲဗျ။ ဟိုရောက်မှ သိမှာပေါ့"

"သူဖျားနေတယ်။ မနေ့ကတည်းက ဖျားနေတယ်"

ညွန့်ညွန့်တင်က ဝင်ပြော၏။ မောင်ရန်ကင်းက ဘာမှမပြောပါ။ စာအိတ်ကို ယူထားလိုက်ပြီး လက်ထဲတွင် ကိုင်ထားသည်။ ဖွင့်မကြည့်သေးပါ။

"သိပ်နေမကောင်းနေသလား။ မသွားနိုင်ရင် မသွားနဲ့ပေါ့"

ညွန့်ညွန့်တင်က ကရုဏာသက်စွာနှင့် ဝင်ပြောလိုက်၏။

"ဟင့်အင်း။ ကိုယ် အခုပဲ သွားမယ်"

"ဖြစ်ပါ့မလား။ တော်ကြာနေ လှေကားပေါ်က ဒလိမ့်ခေါက်ကွေး ကျနေဦးမယ်"

"သွားမယ်"

"ဒါတော့ ရှင့်သဘောပဲလေ"

ရဲသားနှင့် ညွန့်ညွန့်တင် ရှေ့ဆင့်နောက်ဆင့် ပြန်ထွက်သွားကြသည်။

mgyoe.com